# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်၊ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၁၂)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ဘန်ဒါဆရီဘီဂါဝန်မြို့ Royal Regalia ပြတိုက်ကြည့်ရှုလေ့လာ

နေပြည်တော် ဇန်နဝါရီ ၁၉

**ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇန်နဝါရီ၁၇ ရက် နံနက်ပိုင်းတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့တွင်းသို့ လှည့်လည်ကြည့်ရှုကြပြီး Royal Regalia ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။**

## ရှင်းလင်းပြသ

နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား Royal Regalia ပြတိုက်မှ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး The Honourable Peinn Dato Haji Abdullah Mudin Haji Bakar နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြတိုက်အတွင်း၌ ခင်းကျင်းပြသထားသော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းဆက်များ၏ မင်းမြှောက်တန်ဆာပစ္စည်းများ၊ တော်ဝင်သုံးပစ္စည်းများ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် မင်းခမ်းမင်းနား ခင်းကျင်းပုံပြကွက်များကို လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် Royal Regalia ပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး နိုင်ငံတော်ဝန်ကြီးချုပ်အား ယဉ်ကျေးမှု၊ လူငယ်ရေးရာနှင့် အားကစားဝန်ကြီးဌာန ပြတိုက်ညွှန်ကြားရေးမှူး Mr. Pudarno Binchin က ဂါရဝပြု လက်ဆောင်ပစ္စည်းကို ပေးအပ်သည်။

## အမှတ်တရဓာတ်ပုံရိုက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ပြတိုက်မှ တာဝန်ရှိသူများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်သည်။

*စာမျက်နှာ ၉ ကော်လံ ၁* ✡

## ကြည့်ရှုလေ့လာ

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီ ဘီဂါဝန်မြို့ရှိ Royal Regalia ပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီ ဘီဂါဝန်မြို့ရှိ Royal Regalia ပြတိုက်မှ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

## အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်)

# သန့်ရှင်းသော သောက်သုံးရေရရှိရေး နိုင်ငံတော်နှင့်ပြည်သူများ ပူးပေါင်းဆောင်ရွက်

သက်ရှိများ အသက်ရှင်ရပ်တည်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေသည် အဓိကလိုအပ်ချက် ဖြစ်သည်။ နိုင်ငံတစ်ဝန်း၌ ဆည်တမံပေါင်းနှစ်ရာကျော်ကို တည်ဆောက်ပေးထားပြီးဖြစ်ရာ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေများ ရရှိနေပြီဖြစ်သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အနက် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ၂၀၀၀-၂၀၀၁ ခုနှစ်မှစ၍ ၁၀ နှစ်စီမံကိန်းရေးဆွဲပြီး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အပူပိုင်းဒေသရှိ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့အတွင်းမှ ရေခက်ခဲသောကျေးရွာနှင့် ရေမလုံလောက်သော ကျေးရွာပေါင်း ၈၀၄၂ရွာရှိသည့်အနက် ၇၉၄၅ရွာတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိနေပြီဖြစ်သည်။

ထို့အပြင် အခြားသော ပြည်နယ်နှင့်တိုင်းများရှိ ရေခက်ခဲသောကျေးရွာ တစ်သောင်းငါးထောင်ကျော် ရှိသည့်အနက် ကျေးရွာပေါင်း ကိုးထောင်ကျော်ကို သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ဆောင်ပေးခဲ့သည်။

ကျေးလက်ရေရရှိရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်ကုန်အထိ စစ်ကိုင်းတိုင်း၌ စစ်ကိုင်းခရိုင်၊ တမူးခရိုင်၊ မကွေးတိုင်း၌ ပခုက္ကူခရိုင်၊ မန္တလေးတိုင်း၌ မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်နှင့် ပြင်ဦးလွင်ခရိုင်တို့၌ ခရိုင်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

ယခုအခါ နိုင်ငံတော်နှင့်အတူ စေတနာရှင်ပြည်သူများ၊ ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များကပါ ငွေကြေးသဒ္ဓါတရားထက်သန်စွာ ပူးပေါင်းကူညီလျက်ရှိသဖြင့် ကျေးလက်ပြည်သူ ရှစ်သန်းကျော်တို့ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ကြပြီ ဖြစ်သည်။

သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆက်လက်ဆောင်ရွက်ရန်ရှိသည့် ကျေးလက်ဒေသများရှိ ဒေသခံပြည်သူများအတွက် နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများ လက်တွဲကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ကျေးလက်ဒေသအားလုံး၌ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ကံမြင့်ကျောင်းတိုက် ဓမ္မဒူတ အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် ဓမ္မဒူတ အထူးတရားပွဲကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၂၀ရက်တွင် ဓမ္မဒူတအရှင်ကောသလ္လ(မုဒုံ)ဆရာတော်၊ ၂၁ရက်တွင် ဓမ္မဒူတအရှင်ဝိမလ(တောင်စွန်း) ဆရာတော်၊ ၂၂ရက်တွင် ဓမ္မဒူတ အရှင်ပညာဝရ(သိမ်ဇရပ်)ဆရာတော်တို့က ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက် ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

## သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

(၂၈)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ညီလာခံနှင့် (၉)ကြိမ်မြောက် FDI-MDA Joint Educational Meeting ကို ဇန်နဝါရီ ၂၃ရက်မှ၂၆ရက်အထိ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ ကုန်သည်ကြီးများဟိုတယ်တွင် ကျင်းပမည်ဖြစ်ပြီး တက်ရောက်မည့် ဆရာဝန်များသည် ယင်းဟိုတယ်တွင် ဇန်နဝါရီ ၂၁ ရက်မှ ၂၂ရက်အထိ နံနက် ၉နာရီမှ ညနေ ၃နာရီအထိ မှတ်ပုံတင်နိုင်ကြသည်။ ယင်းညီလာခံတွင် စာတမ်းဖတ်ကြားခြင်း၊ သက်ကြီးပူဇော်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ခြင်းများနှင့် ဆေးကုမ္ပဏီပြခန်းများ ခင်းကျင်းပြသမည်ဖြစ်သည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား

၂၀-၁-၂၀၀၈ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်** |
| ၇း၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၂း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂း၂၀ | ၄။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂း၃၀ | ၅။ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အသက်ကိုနှင်း၍** |
| ၁၃း၅၀ | ၆။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၂၀ | ၄။ | ချိုမြလက်သံငြိမ့်ညောင်းဟန် |
| ၄း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၄၅ | ၆။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၀၀ | ၇။ | သံစဉ်များနှင့်ကမ္ဘာ |
| ၆း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၉။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၁။ | အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| ၆း၄၅ | ၁၂။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၃။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၆၃) |
| ၈း၀၀ | ၁၄။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၅။ | မိုးလေဝသသတင်း |
| | ၁၆။ | အမျိုးသားရေးတေးကဗျာ |
| | ၁၇။ | ပဟေဠိနန်းတော် |
| | ၁၈။ | သီဆိုဖြေဖျော်တစ်ကိုယ်တော် |
| | ၁၉။ | ကျန်းမာသုတ |
| | ၂၀။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပြည်ချစ်သူရဲကောင်း** (အပိုင်း-၂၅) |

**မိခင်ဒေါ်အုန်းကြည်၊ အစ်မ ဒေါ်မြင့်မြင့်တို့အား အမှူးထား၍ ခြံအမှတ်(၁) စွန်းလွန်းဂူ ကျောင်းလမ်း ရန်ကင်းမြို့နယ်နေ ဒေါက်တာခင်ဝင်း-ဒေါ်ခင်ညိုဝင်း၊ သမီး မယွန်းစန္ဒီခင်ဝင်း၊ သား မောင်ဘုန်းထက်ခင်ဝင်းမိသားစု (ဂျပန်) တို့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း**

**တိပိဋကရ ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးနှင့် ဆွမ်း၊ ဆေး၊ ရေ၊ မီး ပစ္စည်းလေးပါးအတွက် ငွေကျပ် ၂၅၀၀၀၀ကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော်ဘဒ္ဒန္တသီလာစာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ရွှေစင်ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## အခြေခံနှင့် အဆင့်မြင့်ပန်းအလှပြုပြင်မှု သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် အခြေခံပန်းအလှပြုပြင်မှုသင်တန်း အမှတ်စဉ်(၂/၂၀၀၈)ကို ဖေဖော်ဝါရီ ၁ ရက်မှ ၈ ရက်အထိ နေ့စဉ် မွန်းလွဲ ၂ နာရီမှ ညနေ၄ နာရီအတွင်း၌ လည်းကောင်း၊ အဆင့်မြင့်ပန်းအလှ ပြုပြင်မှုသင်တန်း(၁/၂၀၀၈)ကို အခြေခံသင်တန်းဆင်းပြီးသူများဖြင့် ဖေဖော်ဝါရီ၁၈ရက်မှ ၂၈ ရက်အထိ နေ့စဉ်မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိလည်းကောင်း သင်တန်းသားသင်တန်းသူ ၅၀စီဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ် ခန်းမဆောင်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် အခြေခံသင်တန်းတွင် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက်ကျပ်၇၀၀၀၊ ပြင်ပ ပုဂ္ဂိုလ်များအတွက် ကျပ် ၈၀၀၀၊ အဆင့်မြင့် သင်တန်းတွင် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် ကျပ် ၉၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ်၁၀၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းရုံး ဖုန်းအမှတ်- ၃၇၉၃၆၁သို့ ဆက်သွယ် တက်ရောက် နိုင်ကြောင်း သိရသည်။ (၁၀၈)

**အထည်စက်ရုံ အမှတ် (၈) အနောက်မရမ်းကုန်း မရမ်းကုန်းမြို့နယ်နေ ဦးအောင်မြင့်-ဒေါ်မိမိဝင်း၊ သား ကျော်စွာမြင့်၊ ရဲလင်းမြင့် မိသားစုက သားငယ် ရဲလင်းမြင့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဘဉာဏ် လက်ခံယူစဉ်။** (က-ပ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁-၂၀၀၈(တနင်္ဂနွေနေ့)

**AM & PM**

| | |
|---|---|
| ၇း၀၀-၁း၀၀ | MRTV-4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇း၀၅-၁း၀၅ | **အသေလှတဲ့သူ** တရားတော် (ပထမပိုင်း)(ဆရာတော် အရှင်ဆန္ဒာဓိက) |
| ၇း၅၀-၁း၅၀ | Soccer Update |
| ၈း၀၅-၂း၀၅ | တေးဂီတအစီအစဉ် |
| ၈း၁၅-၂း၁၅ | Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)] |
| ၉း၁၀-၃း၁၀ | လောင်းဝေဿန်မင်္ဂလာ ဓမ္မဗိမာန်တော်ကြီးနှင့် အံ့ဖွယ်ထူးခြား ရောင်ခြည်တော်များနှင့် ရှင်စောမြတ်စေတီ |
| ၉း၂၅-၃း၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၃၅-၃း၃၅ | မြန်မာ့အနုပညာ ပန်းငွေထည်လုပ်ငန်း |
| ၉း၅၀-၃း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၅-၃း၅၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀-၄း၀၀ | ကော်ဇောမှာ အသွင်ဆန်း ဒေါပုံ ကော်ဇောအစွမ်း |
| ၁၀း၂၅-၄း၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၃၀-၄း၃၀ | တေးဂီတအစီအစဉ် |
| ၁၀း၃၅-၄း၃၅ | အရိုးပါးရောဂါလက္ခဏာ၊ အရိုးပါးရောဂါရှိ၊ မရှိ စစ်ဆေးခြင်း (ပါမောက္ခ ဒေါက်တာနေဝင်း၊ ဒေါက်တာလှကြည်) |
| ၁၀း၅၅-၄း၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၅-၅း၀၅ | တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ ဒို့အတူ (မွေးမြူရေး အစာထုတ်လုပ်ရေး) |
| ၁၁း၂၀-၅း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၅-၅း၂၅ | Euro Goals |
| ၁၁း၄၅-၅း၄၅ | တေးဂီတအစီအစဉ် |
| ၁၁း၅၀-၅း၅၀ | လက်ရာဆန်းသစ်စစ်မှန် သေချာလက်ဝတ်တန်ဆာ |
| ၁၂း၀၀-၆း၀၀ | တေးဂီတအစီအစဉ် |
| ၁၂း၀၅-၆း၀၅ | ကမ်းခြေဟိုတယ်တစ်ခု၏ ဗိသုကာအနုပညာ |
| ၁၂း၂၀-၆း၂၀ | တေးဂီတအစီအစဉ် |
| ၁၂း၃၀-၆း၃၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၁း၀၀-၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**English Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၅၅ | Wigan-Everton | ESPN (Live) |
| ၁၀း၂၅ | Man City - West Ham | ESPN (Live) |

**Series-A ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈း၃၀ | Juventus-Sampdoria | 5-Cartoons (Live) |
| ၂း၀၀ | Inter Milan - Parma | 5-Cartoons (Live) |

**Africa Cup of Nations (2008) ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁၁း၃၀ | Ghana-Guinea | Euro Sports (Live) |

20-1 (02) 1 1/20/08, 2:05 AM

## ပြွန်တန်ဆာအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

**ရန်ကုန် ဇန်နဝါရီ ၁၉**

ပြွန်တန်ဆာအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ မဟာဝိဇယစေတီတော်အနီးရှိ ပို့ဆောင်ရေးဝန်ကြီး ဌာန ဓမ္မာရုံ၌ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များတက်ရောက်ကြရန်ဖိတ်ကြားထားပြီး အသက်(၇၅)နှစ်ပြည့်ပြီးသော အသင်းဝင်များနှင့် မိဘများစာရင်းနှင့် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိသော သားသမီးများ၏ အမှတ်စာရင်းမိတ္တူတို့ကို နာယက ဦးဘသောင်း ဖုန်း-၂၂၁၇၈၀၊ ဥက္ကဋ္ဌဦးသောင်းလွင် ဖုန်း-၅၄၂၅၉၈၊ ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်အေး ဖုန်း-၆၆၃၀၈၅၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည် ဖုန်း- ၅၁၀၄၀၂၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်သိန်း ဖုန်း-၆၄၂၆၆၁၊ အတွင်းရေးမှူး ဦးစောလှ ဖုန်း- ၂၉၈၈၂၇၊ တွဲဖက် အတွင်းရေးမှူး ဦးညွန့်ကြည် ဖုန်း-၅၀၂၇၀၃၊ တွဲဖက်အတွင်းရေးမှူး ဦးခင်ရွှေ ဖုန်း-၂၉၅၁၂၃၊ အမှုဆောင် ဒေါ်လှမူမူ ဖုန်း-၅၁၁၁၅၈နှင့် ဒေါ်ခင်သက်နိုင် ဖုန်း-၃၇၁၇၂၀တို့သို့ ဖေဖော်ဝါရီ ၁၃ရက် နောက်ဆုံးထား ပေးပို့နိုင်ကြောင်းသိရသည်။

(က-ပ)

## သီလရှိသော ပညာရှိစိတ်ထား

- ပညာရှိတို့မည်သည် မကောင်းမှုကို မပြု။
- မကောင်းသောစိတ်ဖြင့် သူတစ်ပါးပစ္စည်းဥစ္စာကို အလိုမရှိရာ။
- မတရားသဖြင့် မိမိ၏ စည်းစိမ်ချမ်းသာပြည့်စုံခြင်းကို အလိုမရှိရာ။
- သီလနှင့် ပညာရှိသောသူသည် တရားသောအမှုကိုသာ ပြုတတ်၍ သူတော်ကောင်းမည်၏။

(ဓမ္မပဒ ၈၄)

# အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ(သဘောရေးဖြေ) ရွေးချယ်ရေးစာမေးပွဲဖြေဆိုတော်မူကြသည့် သံဃာတော်များအား

## သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ဖူးမြော်ကြည်ညို

**ဖြေဆိုတော်မူ**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည့် အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ (သဘောရေးဖြေ) ရွေးချယ်ရေး စာမေးပွဲတွင် သံဃာတော်များ ဝင်ရောက်ဖြေဆိုတော်မူကြစဉ်။

(သတင်းစဉ်)

**ရန်ကုန် ဇန်နဝါရီ ၁၉**

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ(သဘောရေးဖြေ)ရွေးချယ်ရေးစာမေးပွဲကို ယနေ့ မွန်းလွဲ၁၂နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဆက်လက်ကျင်းပရာ သာသနာရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ဖူးမြော်ကြည်ညိုသည်။

**တက်ရောက်ကြည်ညို**

အဆိုပါရွေးချယ်ရေးစာမေးပွဲသို့ တိပိဋကဓရရွေးချယ်ရေးဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်တော်မူကြသော မန္တလေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဝံသာဘိဝံသ၊ ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂိယသရိယာဘိဝံသ၊ မကွေးမြို့ သံဃာရာမတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စိန္တာဘသာရ၊ လှိုင်သာယာမြို့နယ် သာသနာ့ဂုဏ်ရည်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညိသရာဘိဝံသ၊ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားကြီးတိုက် သာသနနုဂ္ဂကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ခေမိန္ဒသာမိ၊ သာကေတမြို့နယ် ပါဠိကာရီကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အင်္ဂိသ၊ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက် အာဂမနယူပဒေသကျောင်းဆရာတော် စ-အ ဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဉေယျာဘိဝံသ၊ မန္တလေးမြို့ အဝေရာရာမ ရန်ကင်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဩဒါတသိရီဘိဝံသနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ထဝင်ကျောင်းတိုက် ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသတို့အမှူးပြု၍ စာဖြေသံဃာတော်များကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြည်ညိုကြသည်။

**စာမျက်နှာ ၉ ကော်လံ ၄ သို့**

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ(သဘောရေးဖြေ) ရွေးချယ်ရေး စာမေးပွဲဖြေဆိုတော်မူလျက်ရှိကြသည့် သံဃာတော်များအား ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

**အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၃ရက်မှစတင်၍ ဇန်နဝါရီ ၂၄ရက်အထိ ကျင်းပလျက်ရှိ။**

---

**သဘောရေးဖြေစာမေးပွဲကို ဇန်နဝါရီ ၁၈ ရက်မှ ၂၄ရက်အထိ ဆက်လက် ကျင်းပလျက်ရှိပြီး သာသနာ့အာဇာနည် အရှင်သူမြတ် ၁၁၉ပါးတို့ ဝင်ရောက်ဖြေဆိုတော်မူလျက်ရှိ။**

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## ဗင်နီဇွဲလား သမ္မတအားလုပ်ကြံရန် ကန်တို့ ကြံစည်ခဲ့ဟုဆို

မာနာဂွါရာ ဇန်နဝါရီ ၁၉

ဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်ဇ်က မိမိအား အမေရိကန်တို့က လုပ်ကြံရန် ကြံစည်ခဲ့ကြောင်း ဇန်နဝါရီ ၁၇ရက်၌ ပြောကြားသည်။

**ကြံစည်ခဲ့**

ကိုလံဘီယာနှင့် အမေရိကန်တို့ပူးပေါင်းပြီး ဗင်နီဇွဲလားသမ္မတကို အငြိုးထား လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားခဲ့သည်ဟု ၎င်းက ပြောကြားသည်။

**ရည်ရွယ်ထား**

ကိုလံဘီယာနိုင်ငံ ဘိုဂိုတာတွင် အမေရိကန်အရာရှိများနှင့် ကိုလံဘီယာ စစ်ဘက်အရာရှိများရှိနေကြောင်း၊ ၎င်းတို့က မိမိအား လုပ်ကြံရန် ပူးပေါင်းကြံစည်နေကြကြောင်း၊ ကိုလံဘီယာနှင့် ဗင်နီဇွဲလားနှစ်နိုင်ငံ ပဋိပက္ခဖြစ်လာစေရန် ကြိုးပမ်းနေကြကြောင်း၊ ချာဗက်ဇ်က နီကာရာဂွာနိုင်ငံသို့ ရောက်ရှိစဉ် ပြောကြားသည်။

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်သည် နိုင်ငံတကာဆက်ဆံရေးတိုးမြှင့်ရန် ယခုရက်ပိုင်းအတွင်း ပြည်ပခေါင်းဆောင်အချို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

**(အင်တာနက်)**

## အီရန်၏ နျူကလီးယားအစီအစဉ် အနောက်အုပ်စု ဖိအားပေးမှုမအောင်မြင်

တီဟီရန် ဇန်နဝါရီ ၁၉

**အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အနောက်အုပ်စု၏ ဖိအားပေးရန်ကြိုးပမ်းမှုများမှာမအောင်မြင်ခဲ့ကြောင်း အီရန်နိုင်ငံ၏ နျူကလီးယား စေ့စပ်ရေးမှူး ဆာအစ်ဂျလီးက ဇန်နဝါရီ၁၇ရက်၌ ပြောကြားသည်။**

အီရန်နိုင်ငံက နျူကလီးယားဗုံးထုတ်လုပ်မည်ကို အနောက်အုပ်စုက စိုးရိမ်ပြီး အီရန်အပေါ် ကုလသမဂ္ဂက နှစ်ကြိမ်မြောက်အဖြစ် ပိတ်ပင်အရေးယူနိုင်ရန် ဖန်တီးခဲ့သည်။ အီရန်နိုင်ငံက လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက်သာ ရည်ရွယ်ကြောင်း ပြောကြားသည်။

**ဖိအားပေး**

အီရန်အား အရေးယူပိတ်ပင်ရန် ဖိအားပေးခဲ့ကြသည့် နိုင်ငံများမှာ အောင်မြင်မှုတစ်စုံတစ်ရာမျှ မရရှိကြောင်း အီရန်နျူကလီးယား စေ့စပ်ရေးမှူး ဆာအစ်ဂျလီးက ပေကျင်းခရီးစဉ်တွင် အိုင်အာရ်အင်န်အေ သတင်းဌာနသို့ ပြောကြားလိုက်သည်။

**ပြောကြား**

ယခုအခါတွင် ကမ္ဘာ့အခြေအနေမှာ ပြောင်းလဲလာပြီး အီရန်နိုင်ငံ၏ ယုတ္တိရှိသော အပြုအမူအပေါ် မည်သူမျှ မတရားလုပ်၍မရကြောင်း အီရန် နျူကလီးယားစေ့စပ်ရေးမှူး ဆာအစ်ဂျလီးက ပြောကြားသည်။

**အမ်အင်န်အေ၊ရိုက်တာ**

### မီးလောင်ပျက်စီး

**ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးနှင့် ပါလက်စတိုင်းတို့ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် မီးလောင်ပျက်စီးနေသည်ကို ဇန်နဝါရီ ၁၈ရက်က ဤသို့ တွေ့ရသည်။**

(အင်တာနက်ဓာတ်ပုံ)

## ဟားမတ်စ်တို့ ဒုံးကျည်များဖြင့် ပစ်ခတ် ဂါဇာသို့သွားလာမှု ယာယီပိတ်ထား

ဂါဇာ ဇန်နဝါရီ ၁၉

**ဟားမတ်စ်တို့ ထိန်းချုပ်ထားသော ပါလက်စတိုင်းနယ်မြေမှ အစ္စရေးမြို့တွင်းသို့ ဒုံးကျည်များ အဆက်မပြတ် ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ဂါဇာသို့ နယ်စပ်ဖြတ်ကျော်သွားလာမှုကို အစ္စရေးတို့က ယာယီပိတ်ထားလိုက်သည်။**

ထိုသို့ အစ္စရေးတို့က နယ်စပ်ဖြတ်ကျော်သွားလာခြင်းကို ပိတ်ပင်လိုက်သဖြင့် ကုလသမဂ္ဂ စားနပ်ရိက္ခာထောက်ပံ့ကူညီပေးရေးအဖွဲ့က ဂါဇာရှိ ပါလက်စတိုင်းဒုက္ခသည်များအား ကူညီမပေးနိုင်တော့ဟု ဆိုသည်။

**ဒဏ်ရာရ**

အစ္စရေးတို့က လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အနည်းဆုံး စစ်သွေးကြွ တစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိသွားသည်ဟု ဆိုသည်။

**သေဆုံး**

အစ္စရေးတပ်များက ယခုသီတင်းပတ်အတွင်း ဂါဇာတွင် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ အနည်းဆုံး ပါလက်စတိုင်း ၃၂ဦး သေဆုံးသွားကြောင်း၊ သေဆုံးသူ အများစုမှာ စစ်သွေးကြွများဖြစ်ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

**တွန်းအားပေး**

ဂါဇာကမ်းမြောင် ဒေသတွင် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ် ငြိမ်းချမ်းရေးအတွက် လာရောက်ကာ တွန်းအားပေး ဆွေးနွေးခဲ့ပြီးနောက် အကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်မြင့်တက်လာသည်။

**(အင်တာနက်)**

## အာဖဂန်၌ အအေးလှိုင်းကျရောက် လူ ၂၀၀ ကျော် သေဆုံးခဲ့ဟုဆို

ကဘူးလ် ဇန်နဝါရီ ၁၉

အာဖဂန်နစ္စတန်နိုင်ငံ၌ အအေးလှိုင်းကျရောက်မှုကြောင့် သေဆုံးသူ ၂၀၀ ရှိသွားပြီဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက ဇန်နဝါရီ ၁၈ ရက်တွင် ပြောကြားသည်။

**သေဆုံး**

အဆိုပါနိုင်ငံ အနောက်ပိုင်းပြည်နယ်ကြီးလေးခု၌ ဆိုးရွားစွာ အအေးလှိုင်းကျရောက်ခဲ့ရာ ထောင်ပေါင်းများစွာသော မွေးမြူရေးတိရစ္ဆာန်များသေဆုံးခဲ့သည်။

ယင်းအအေးလှိုင်းမှာ ဆယ်စုနှစ်များအတွင်း အဆိုးရွားဆုံး ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများသို့လည်း အအေးလှိုင်းရိုက်ခတ်ခဲ့ကြောင်း ဒေသနေပြည်သူများက ပြောကြားသည်။

**ထူထပ်စွာကျဆင်း**

ဆီးနှင်းများ ထူထပ်စွာကျဆင်းပြီး အပူချိန် ရုတ်တရက်ကျဆင်းခဲ့ခြင်းကြောင့် ဒေသနေပြည်သူများပြင်ဆင်ချိန်မရဘဲ ဖြစ်ခဲ့ရကြောင်း ဒေသတာဝန်ရှိသူများက ပြောကြားသည်။

အအေးလှိုင်းကျရောက်မှုကြောင့် ၂၀၀ ကျော်သေဆုံးခဲ့ရာတွင် အမျိုးသမီးများနှင့် ကလေးငယ်များ အများစု ပါဝင်သည်ဟု ဆိုသည်။

**(အင်တာနက်)**

## ဘာနာဇီယာဘူတိုအား လုပ်ကြံသူများ စီအိုင်အေ ညွှန်ကြားရေးမှူး ဖော်ထုတ်

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၉

**ပါကစ္စတန်နိုင်ငံ၌ ဝန်ကြီးချုပ်ဟောင်း ဘာနာဇီယာဘူတို**(အောက်ပုံ)**အား လုပ်ကြံသတ်ဖြတ်သူများကို စီအိုင်အေက စုံစမ်းဖော်ထုတ်ခဲ့ရာ ပါကစ္စတန်စစ်သွေးကြွ ဘိုင်တူလ်လာမက်ဆုဒ်နှင့် အယ်လ်ခိုင်ဒါတို့ဖြစ်သည်ဟု ဆိုသည်။**

အဆိုပါဝန်ကြီးချုပ်ဟောင်းအား လုပ်ကြံသတ်ဖြတ်သူများသည်ဘိုင်တူလ်လာမက်ဆုဒ်၏မိတ်ဆွေ တိုက်ခိုက်ရေးသမားများဖြစ်ကြောင်း စီအိုင်အေ ညွှန်ကြားရေးမှူး မိုက်ကယ်ဟေဒင်က ဝါရှင်တန်ပို့စ် သတင်းစာသို့ ပြောကြားသည်။

**စွပ်စွဲပြောကြား**

ပါကစ္စတန် အစိုးရက ဒီဇင်ဘာ ၂၇ ရက်တွင် ရာဝပင်ဒီ၌ မစ္စစ်ဘူတို လုပ်ကြံခံရပြီးလျှင်ပြီးချင်း မက်ဆုဒ်၏ လက်ချက်ဖြစ်ကြောင်း စွပ်စွဲပြောကြားခဲ့သည်။

**ဗုံးခွဲတိုက်ခိုက်**

ဘူတိုသည် လူစုအတွင်းမှ ထွက်ခွာသွားစဉ် တစ်ဦးသို့မဟုတ် တစ်ဦးထက်ပိုသော တိုက်ခိုက်ရေးသမားများက သေနတ်ဖြင့်ပစ်ခတ်ခဲ့ပြီး ဗုံးခွဲတိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

**ကြားဖြတ်နားထောင်**

ဘိုင်တူလ်လာမက်ဆုဒ်က ယင်းကိစ္စတွင် ပါဝင်မှုမရှိကြောင်း ငြင်းဆိုထားသည်။ သို့ရာတွင် ပါကစ္စတန်အစိုးရက တိုက်ခိုက်မှုတွင် ဘိုင်တူလ်လာမက်ဆုဒ်ပါဝင်နေသည်ကို ဖုန်းဖြင့် ကြားဖြတ်နားထောင်ခဲ့သည်ဟု ဆိုသည်။

**ထောက်ခံ**

စီအိုင်အေညွှန်ကြားရေးမှူးမိုက်ကယ်ဟေဒင်က ပါကစ္စတန်အစိုးရ၏ ရှုမြင်သုံးသပ်ချက်ကို ထောက်ခံခဲ့သည်။

**(အင်တာနက်)**

## ကိုဆိုဗိုအား မည်သည့်အခါမျှ ကုလအဖွဲ့ဝင်အဖြစ် ခွင့်မပြု

မော်စကို ဇန်နဝါရီ ၁၉

ကိုဆိုဗိုပြည်နယ်သည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ် မည်သည့် အခါမျှ ဖြစ်လာမည်မဟုတ်ကြောင်း၊ ထို့အတူ နိုင်ငံတကာဆိုင်ရာ အခြားအဖွဲ့အစည်းတစ်ရပ်အဖြစ်လည်း ရောက်ရှိလာမည်မဟုတ်ကြောင်း ရုရှားနိုင်ငံက ဇန်နဝါရီ ၁၇ရက်၌ ပြောကြားသည်။

ယခုလနှောင်းပိုင်း၌ ဆားဘီးယားသမ္မတရွေးကောက်ပွဲပြီးနောက်ပိုင်းကို ဆိုဗိုပြည်နယ်အနေဖြင့် လွတ်လပ်ရေးကြေညာရန် တစ်ချိန်ချိန်၌ ဆောင်ရွက်လာမည်ဖြစ်သည်။

ကိုဆိုဗိုပြည်နယ်၏ သီးခြားတောင်းဆိုမှုများကိုခွင့်ပြုပေးမည်မဟုတ်ကြောင်း၊ မည်သည့်တောင်းဆိုမှုကိုမျှ ဖြည့်ဆည်းပေးမည် မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုဆိုဗိုသည် ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ် မည်သည့်အခါမျှ ရောက်ရှိလိမ့်မည်မဟုတ်ကြောင်း ၎င်းကပြောကြားသည်။ **(အင်တာနက်)**

## အီရတ်၌ သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင်ပေါင်း ၃၉၂၅ ဦး ရှိပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၉

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း၌ အကြမ်းဖက်သမားများ၏ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး အခြားနှစ်ဦးဒဏ်ရာရရှိကြောင်း ဇန်နဝါရီ၁၇ ရက်က အမေရိကန်စစ်ဘက်၌ သတင်းထုတ်ပြန်သည်။**

ဖြစ်ပွား

**ဆာလာဟူဒင် ပြည်နယ်၌ ဇန်နဝါရီ၁၆ရက်တွင် သီးခြားတိုက်ပွဲ တစ်ခု ဖြစ်ပွားခဲ့ကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။**

**ယင်းဖြစ်ပွားမှုကြောင့် ဒဏ်ရာရရှိသူတပ်ဖွဲ့ဝင်များအား စစ်ဘက်ဆိုင်ရာ ဆေးရုံသို့ ပို့ဆောင်လျက် ပြုစုကုသခဲ့သည်။**

ဖော်ပြ

**၂၀၀၃ခုနှစ်တွင် အီရတ်သို့ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များစတင်ဝင်ရောက်ကျူးကျော်ကတည်းက အီရတ်၌ သေဆုံးသည့်အမေရိကန် တပ်ဖွဲ့ဝင်ပေါင်း ၃၉၂၅ ဦးရှိသွားပြီဖြစ်ကြောင်း ပင်တဂွန် စစ်ဌာနချုပ်စာရင်း၌ ဖော်ပြသည်။**

အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

# ဘုရှ်အရှေ့အလယ်ပိုင်းသို့ လာရောက်လည်ပတ်မှု သွေးခွဲသပ်လျှိုရေး မျိုးစေ့များချသွားခြင်းဖြစ်

တီဟီရန် ဇန်နဝါရီ ၁၉

**အီရန်နိုင်ငံသမ္မတ မာမွတ်အာမက်ဒီနီဂျက်ဇ်က အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်အား မကြာသေးမီက အရှေ့အလယ်ပိုင်းသို့ လာရောက်လည်ပတ်ရာတွင် ဒေသတွင်း၌ သွေးခွဲသပ်လျှိုရေး မျိုးစေ့များချသွားကြောင်း စွပ်စွဲပြောကြားလိုက်သည်။**

## သတိပေးခဲ့

သမ္မတဘုရှ်သည် အရှေ့အလယ်ပိုင်းသို့ လာရောက်ရာတွင် အီရန်ကို ခြိမ်းခြောက်ရန် အာရပ်နိုင်ငံများအား သတိပေးခဲ့သည်ဟု သမ္မတအာမက်ဒီနီဂျက်ဇ်က ပြောကြားသည်။

## တွေ့ဆုံမေးမြန်း

အစ္စရေးတို့သည်လည်း အီရန်ကိုမတိုက်ရဲကြောင်း အဆိုပါ အီရန်ခေါင်းဆောင်က အယ်လ်ဂျာဇီးရာ ရုပ်မြင်သံကြား တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်ဇ်

## ကြေညာ

အစ္စရေးနိုင်ငံက ဒုံးကျည်စမ်းသပ်ပစ်မည်ဟု ကြေညာခဲ့ခြင်းကို အကြောင်းပြု၍ အီရန်သမ္မတက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ဂျူးအခြေစိုက်နိုင်ငံအား ခြိမ်းခြောက်မှုကာကွယ်ရန် တာဝေးပစ်ဒုံးကျည်ကို စမ်းသပ်ပစ်ခတ်သွားမည်ဖြစ်ကြောင်း အစ္စရေးမီဒီယာများက ရေးသားဖော်ပြသည်။

အဆိုပါဒုံးကျည်သည် နျူကလီးယားထိပ်ဖူးကို သယ်ဆောင်သွားနိုင်သည်ဟု ဆိုသည်။

## ပြောကြား

အီရန်နိုင်ငံသည် ၂၀၁၀ပြည့်နှစ်တွင် နျူကလီးယားလက်နက် ပိုင်ဆိုင်လာပြီး ဂျူးအခြေစိုက်နိုင်ငံအား ခြိမ်းခြောက်လိမ့်မည်ဖြစ်ကြောင်း အစ္စရေးတို့က ပြောကြားသည်။

အီရန်နိုင်ငံသည် ကမ္ဘာ့အကြမ်းဖက်မှုများကို ဦးဆောင်ဦးရွက်ပြုလုပ်နေသည့် နိုင်ငံဖြစ်ကြောင်း သမ္မတဘုရှ်က အစ္စရေးနှင့် အနောက်ဘက်ကမ်းမြို့သို့ လာရောက်လည်ပတ်ရာတွင် ပင်လယ်ကွေ့နိုင်ငံ ခေါင်းဆောင်များအား ပြောကြားသည်။ **(အင်တာနက်)**

# ဘင်္ဂလားဒေ့ရှ် ဘက်စ်လေကြောင်းလိုင်း တရုတ်၊ အိန္ဒိယနှင့်မလေးရှားသို့ ပျံသန်းမည်

ဒါကာ ဇန်နဝါရီ ၁၉

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လေးခုမြောက် ဘက်စ်လေကြောင်းလိုင်းက ပြည်တွင်းခရီးစဉ်များ တိုးချဲ့ပျံသန်းမှုကို ဇန်နဝါရီ၁၅ရက်က စတင်လိုက်သည်။**

## ပျံသန်းမည်

**ဘက်စ်လေကြောင်းလိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာမှ ယင်းနိုင်ငံ အရှေ့တောင်ပိုင်း ချပ်တာဂွန်မြို့သို့ စတင်ပျံသန်းခြင်း ဖြစ်သည်။ ထိုခရီးစဉ်မှာ သီတင်းတစ်ပတ်လျှင် ၁၄ ခေါက် ပျံသန်းမည်ဖြစ်သည်။**

## တိုးချဲ့

**ဘက်စ်လေကြောင်းလိုင်းအနေဖြင့် ပြည်တွင်း လေကြောင်းခရီးစဉ်များသာမက အိန္ဒိယနိုင်ငံ ချန်းနိုင်းမြို့၊ တရုတ်နိုင်ငံတောင်ပိုင်း ကူမင်းမြို့နှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ခရီးစဉ်များကိုလည်း တိုးချဲ့ပျံသန်းသွားမည်ဖြစ်သည်။**

(အင်တာနက်)

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ချုံခိုတိုက်ခိုက်သည်ဟု သံသယရှိသူ ၁၃ ဦးအား ထိုင်းနိုင်ငံတောင်ပိုင်း၌ ရဲအဖွဲ့ကဖမ်းဆီး

ဗန်ကောက် ဇန်နဝါရီ ၁၉

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်၌ သောကြာနေ့နံနက်ပိုင်းက သံသယရှိသူ ၁၃ဦးအား ရဲအဖွဲ့က ဖမ်းဆီးခဲ့ကြောင်း၊ ယင်းတို့အား တနင်္လာနေ့က ထိုင်းအစိုးရ လုံခြုံရေးတပ်ဖွဲ့ဝင်ရစ်ဦးကို ချုံခိုက်တိုက်ခိုက်မှုတွင် ပါဝင်ကြသည်ဟု စွပ်စွဲချက်ဖြင့် ဖမ်းဆီးလိုက်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားသည်။

## ဖော်ပြ

ထိုင်းစစ်သားများ၊ ရဲအဖွဲ့များနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများအပါအဝင် အင်အား ၅၀၀ ခန့်က နာရာသီဝပ်ပြည်နယ် ချန်နေးခရိုင် ဒူဆောင်ယာဒေသရှိ ကျေးရွာသုံးရွာအတွင်း ပိုက်စိပ်တိုက်ရှာဖွေကြောင်း နေ့ရှင်းသတင်းစာတွင် ဖော်ပြသည်။

## သိမ်းဆည်းနိုင်ခဲ့

အဆိုပါ လေးနာရီကြာ ရှာဖွေမှုအပြီး သံသယရှိသူ ၁၃ ဦးအား ဖမ်းဆီးလိုက်ကြောင်း၊ လုံခြုံရေးအဖွဲ့က ယင်းတို့ထံမှ ဗုံးလုပ်ရာ၌အသုံးပြုသည့် ပစ္စည်း၁၇မျိုးကို အထောက်အထားအဖြစ် သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

ချုံခိုတိုက်ခိုက်ခံရသည့် ထိုင်းလုံခြုံရေးတပ်ဖွဲ့ဝင်ရစ်ဦးသည် တနင်္လာနေ့က ဒေသဆိုင်ရာ ဆရာဆရာမများ အနောက်မှ လုံခြုံရေးလိုက်လံစောင့်ကြည့်ပေးစဉ် တိုက်ခိုက်ခံရခြင်းဖြစ်သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# ကင်ညာရွေးကောက်ပွဲ ဆန့်ကျင်ဆန္ဒပြမှုများဆက်ဖြစ်ပွား အကြမ်းဖက်မှုများကြောင့် သေဆုံးခဲ့သူ ၇၀၀ခန့်ရှိပြီ

နိုင်ရိုဘီ ဇန်နဝါရီ ၁၉

**ကင်ညာနိုင်ငံတစ်ဝန်း၌ ဇန်နဝါရီ၁၆ရက်မှ ၁၈ ရက်အထိ ရွေးကောက်ပွဲရလဒ်အပေါ်မကျေနပ်၍ အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများ ဆက်တိုက်ပြုလုပ်ခဲ့သည်။**

ယင်းဆန္ဒပြပွဲများအပြီး အတိုက်အခံများက နည်းဗျူဟာပြောင်းလဲမည်ဖြစ်ကြောင်း အတိုက်အခံများက ဆန္ဒပြသူများအား ပြောကြားလိုက်သည်။

အတိုက်အခံအဖွဲ့ဖြစ်သည့်လိမ္မော်ရောင် ဒီမိုကရက်တစ်လှုပ်ရှားမှု (အိုဒီအမ်)အဖွဲ့က သမ္မတကီဘာကီ၏ အသိမိတ်ဆွေကုမ္ပဏီများကို သပိတ်မှောက်သွားမည်ဟု ဆိုသည်။

## ဖြစ်ပွား

ကင်ညာနိုင်ငံ၌ ရွေးကောက်ပွဲရလဒ်အပေါ် မကျေနပ်၍ အကြမ်းဖက်မှုများဖြစ်ပွားခဲ့ရာ လူပေါင်း ၇၀၀ခန့် သေဆုံးခဲ့ရသည်။ နောက်ဆုံးဆန္ဒပြမှုတွင် ရဲတပ်ဖွဲ့က ပစ်ခတ်တိုက်ခိုက်မှုကြောင့် မွမ်ဘာဘာအရပ်၌ ဆန္ဒပြသူတစ်ဦးသေဆုံးပြီး နိုင်ရိုဘီမြို့တွင် တစ်ဦးဒဏ်ရာရရှိသွားသည်။

## သေဆုံး

ဇန်နဝါရီ ၁၆ရက်နှင့် ၁၇ ရက်က ကင်ညာနိုင်ငံ၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြမှုတွင် ရဲတပ်ဖွဲ့က ဆန္ဒပြသူများအား ဖြိုခွင်းခဲ့သဖြင့် **(အပေါ်ယာပုံ)** အနည်းဆုံး ၁၁ဦး သေဆုံးသွားသည်ဟု ပြောကြားသည်။ **(အင်တာနက်)**

# အစ္စရေး စစ်သင်္ဘောတစ်စင်း ပေါက်ကွဲမှုဖြစ်ပွား ခုနစ်ဦး ဒဏ်ရာရရှိ

ဂျေရုဆလင် ဇန်နဝါရီ ၁၉

အစ္စရေးနိုင်ငံ ဟိုင်ဖာမြို့မြောက်ပိုင်း စစ်အခြေစိုက်စခန်းတစ်ခု၌ အစ္စရေးစစ်သင်္ဘောတစ်စင်းပေါ်တွင် ဇန်နဝါရီ ၁၆ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ အစ္စရေးတပ်ဖွဲ့ဝင် ခုနစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု အစ္စရေးစစ်ဘက်အရာရှိများက ပြောကြားသည်။

ထိုပေါက်ကွဲမှုမှာ မတော်တဆဖြစ်ရပ်ဖြစ်ပြီး ဗုံးခွဲတိုက်ခိုက်မှုမဟုတ်ကြောင်း အစ္စရေးတပ်ဖွဲ့ဝင်များ အနားယူချိန်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ တင်ပို့ကုသစေခဲ့သည်။

## စုံစမ်းစစ်ဆေး

အစ္စရေးစစ်ဘက်အနေဖြင့် လေ့ကျင့်မှုများပြုလုပ်စဉ် မတော်တဆဖြစ်ရပ်များ မကြာခဏ ဖြစ်ပွားလျက်ရှိသည်။ ယခုဖြစ်ရပ်အတွက် သေချာစွာစုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

အစ္စရေးတို့က လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ၏ လက်ချက်ဟု ပထမစွပ်စွဲသော်လည်း စုံစမ်းစစ်ဆေးမှုအရ လက်နက်ဟောင်းများမှ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ပြောကြားသည်။ **(အင်တာနက်)**

# အီရတ်တောင်ပိုင်း၌ တိုက်ပွဲများဖြစ်ပွား အနည်းဆုံး ၁၅ဦးသေဆုံး

ဘာဆာရာ ဇန်နဝါရီ ၁၉

အီရတ်နိုင်ငံတောင်ပိုင်းရှိ နာဆီရီယာနှင့် ဘာဆာရာမြို့ကြီးများ၌ ရဲတပ်ဖွဲ့ဝင်များနှင့် ရှီးယားအဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားရာ အနည်းဆုံး ၁၅ဦး သေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

## တိုက်ပွဲများဖြစ်ပွား

အီရတ်နိုင်ငံ၌ ပြီးခဲ့သည့်နှစ်က အီရတ်တပ်ဖွဲ့ဝင်များနှင့် ရှီးယားတိုက်ခိုက်ရေးသမားများအကြား တိုက်ပွဲများဖြစ်ပွားခဲ့မှုကြောင့် လူပေါင်း ၂၆၃ ဦး သေဆုံးခဲ့ရသည်ဟု ဆိုသည်။

**(အင်တာနက်)**

# ပါကစ္စတန်တပ်များနှင့် စစ်သွေးကြွများ တိုက်ပွဲဖြစ်ပွား စစ်သွေးကြွများသေဆုံးမှု ပိုမိုများပြားဟုဆို

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၉

**ပါကစ္စတန်နိုင်ငံ ဝါဇီရစ္စတန်တောင်ပိုင်း အာဖဂန်နစ္စတန်နယ်စပ်အနီး၌ အစိုးရတပ်များနှင့် စစ်သွေးကြွများ သီးခြားစီ တိုက်ပွဲဖြစ်ပွားခဲ့ရာတွင် စစ်သွေးကြွများသေဆုံးမှုမှာ ၉၀အထိ ရှိသွားပြီဖြစ်ကြောင်း ပါကစ္စတန်အစိုးရတပ်များက ဇန်နဝါရီ ၁၈ ရက်၌ ပြောကြားသည်။**

### အနည်းငယ်ဒဏ်ရာရရှိ

စစ်သွေးကြွများ**(အောက်ပုံ)** အဆိုပါဒေသရှိ စစ်စခန်းတစ်ခုအား ပစ်ခတ်တိုက်ခိုက်ရာတွင် အစိုးရတပ်မှ အနည်းငယ်သာ ဒဏ်ရာရရှိခဲ့ကြောင်း စစ်တပ်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ကြီးအသာ အဘတ်စ်က ပြောကြားသည်။

### ဝင်ရောက်စီးနင်း

ဇန်နဝါရီ ၁၆ ရက်တွင် စစ်သွေးကြွများက အဆိုပါဒေသရှိ အခြားစစ်စခန်းတစ်ခုကို ဝင်ရောက်စီးနင်းတိုက်ခိုက်ရာ၌ အစိုးရတပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံးခဲ့သည်ဟု ဆိုသည်။

ဝါဇီရစ္စတန် တောင်ပိုင်းသည် တာလီဘန်နှင့် အယ်လ်ခိုင်ဒါများ နေထိုင်ကျက်စားရာဒေသအဖြစ် နာမည်ကြီးသည်။

### တိုက်

ယင်းဒေသတွင် အစိုးရတပ်များနှင့် စစ်သွေးကြွများ မကြာသေးသည့်လများက တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားလေ့ရှိသည်။

**(အင်တာနက်)**

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## ဘင်္ဂလားဒေ့ရှ်၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

ဒါကာ ဇန်နဝါရီ ၁၉

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘာရုနခရိုင် ဒါလွှာကျေးရွာ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားနေကြောင်း စမ်းသပ်တွေ့ရှိရပြီးနောက် ကြက်ကောင်ရေ ၂၁၀၀၀ ကျော်ကို ဇန်နဝါရီ ၁၆ရက်က သုတ်သင်လိုက်ကြောင်း မွေးမြူရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။**

### သတင်းထုတ်ပြန်

လွန်ခဲ့သောနှစ်ရက်က အဆိုပါကျေးရွာရှိ ကြက်ခြံတစ်ခြံ၌ ကြက်ကောင်ရေ ၄၀၄ကောင် သေဆုံးသွားကြောင်း ဒေသဆိုင်ရာ သတင်းဌာနတစ်ခုက ဇန်နဝါရီ ၁၆ရက်၌ သတင်းထုတ်ပြန်သည်။

### သုတ်သင်ခဲ့

အဆိုပါဒေသရှိ မွေးမြူရေးနှင့် ခရိုင်အုပ်ချုပ်ရေးအဖွဲ့က ကြက် ၂၀၁၅၇ ကောင်၊ ဘဲ ၅၉၀၊ ခို ၅၁၅ကောင်နှင့် ကြက်တူရွေးတစ်ကောင်တို့ကို သုတ်သင်ခဲ့သည်ဟု ဆိုသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပိုင်း ဘာရီဆယ်မြို့၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားကြောင်း စမ်းသပ်တွေ့ရှိပြီးနောက် ဇန်နဝါရီ ၁၄ရက်နှင့် ၁၅ ရက်တို့၌ ကြက်ကောင်ရေ ၁၀၀၀ ကျော်ကိုလည်း သုတ်သင်ခဲ့သည်ဟု ဆိုသည်။

### ပထမဆုံးတွေ့ရှိ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါပိုးကို ၂၀၀၆ခုနှစ်အစောပိုင်းက ဒါကာမြို့ အနောက်မြောက်ဘက် ကီလိုမီတာ၃၀ခန့်အကွာ ဆာဗာအရပ်ရှိ ကြက်ခြံတစ်ခြံ၌ ပထမဆုံး တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## ထိုင်းတရားရုံးချုပ် ရွေးကောက်ပွဲကို ထောက်ခံ အတိုက်အခံများအကြား အငြင်းပွားလျက်ရှိ

ဗန်ကောက် ဇန်နဝါရီ ၁၉

**ထိုင်းနိုင်ငံတွင် ယမန်နှစ် ဒီဇင်ဘာ ၁၅ရက်နှင့်၁၆ရက်က ကျင်းပခဲ့သော ရွေးကောက်ပွဲများသည် ဥပဒေနှင့်ညီကြောင်း၊ နှစ်စဉ်ရွေးကောက်ပွဲ ကျင်းပရန်မလိုအပ်ကြောင်း ထိုင်းတရားရုံးချုပ်က ဇန်နဝါရီ ၁၈ရက်၌ ထောက်ခံပြောကြားခဲ့သည်။**

ရွေးကောက်ပွဲ ကော်မရှင်(အီးစီ)သည် အခြေခံဥပဒေနှင့်အညီ နှစ်ရက်အတွင်း အဆင့်မြင့် ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၀၇ ခုနှစ် လွှတ်တော်အမတ် ရွေးကောက်ပွဲ ကျင်းပရေး အက်ဥပဒေနှင့် ၂၀၀၇ခုနှစ် ရွေးကောက်ပွဲ အက်ဥပဒေများအရ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားလျက် ထိုင်းတရားရုံးချုပ်က ယမန်နှစ်ရွေးကောက်ပွဲကို ထောက်ခံကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

ယင်းသို့ ထုတ်ပြန်ခဲ့မှုနှင့် ပတ်သက်၍ ရွေးကောက်ပွဲ ထပ်မံကျင်းပလိုသော အတိုက်အခံ ခေါင်းဆောင်များအကြား အငြင်းပွားဖွယ် ပြဿနာများ ဖြစ်ပေါ်လျက်ရှိသည်။

နယူးအက်စပိုင်ရေးရှင်း ပါတီမှ ပြောရေးဆိုခွင့်ရှိသူဆာရာဝတ်သောင်မင်က ပြီးခဲ့သည့်ရွေးကောက်ပွဲများသည် တရားမဝင်ဟု ပြောကြားချက်ကြောင့် ထိုင်းတရားရုံးချုပ်က ထိုသို့ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

## ကမ္ဘာလှည့်များ ရောက်ရှိမှု အင်ဒိုနီးရှား၌ လျော့နည်း

ဂျကာတာ ဇန်နဝါရီ ၁၉

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၀၇ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည် ခြောက်သန်းရောက်ရှိမည်ဟု မျှော်မှန်းထားရှိသည်ထက် လျော့နည်းခဲ့ကြောင်း ဇန်နဝါရီ ၁၆ရက်တွင် အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ယခင်နှစ်အတွင်းက ကမ္ဘာလှည့်ခရီးသည် ၅ဒသမ၅သန်း ရောက်ရှိရာ လွန်ခဲ့သည့် ၁၀နှစ်တာ ကာလအတွင်း အမြင့်ဆုံးအဆင့် ရောက်ရှိခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး ဂျေရိုဝေါ့ခ်က ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ၂၀၀၈ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည်နှင့် အလုပ်အကိုင်အတွက် လာရောက်သူများပါ ခုနစ်သန်းခန့်ရှိကြောင်း မျှော်မှန်းထားရှိသည်ဟု ထပ်လောင်းပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

**တရုတ်နိုင်ငံ ကျီကျင်းပြည်နယ်ရှိ နျူကလီးယားစွမ်းအင်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းခွင်ကို ဇန်နဝါရီ ၁၉ ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)



## အီရန်၏ နျူကလီးယားဆိုင်ရာပြေရှင်းချက် အိုင်အေအီးအေ ကျေနပ်ဟုဆို

ပရက် ဇန်နဝါရီ ၁၉

အီရန်နိုင်ငံသည် အငြင်းပွားဖွယ် နျူးကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ဖြေရှင်းချက်ပေးရာတွင် ကျေနပ်လောက်အောင် တိုးတက်မှုရှိလာပြီဖြစ်ကြောင်း နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) အကြီးအကဲ မိုဟာမက် အယ်လ်ဘာရာဒီက စလိုဗက်ကီးယားမြို့တော် ဗလာတစ်လာဗာ၌ ပြောကြားလိုက်သည်။

### စိုးရိမ်ထိတ်လန့်မှု

ဘာရာဒီသည် ဗလာတစ်လာဗာမြို့တွင် စလိုဗက်ကီးယား နိုင်ငံခြားရေးဝန်ကြီး ဂျန်ကူဗစ်နှင့် တွေ့ဆုံစဉ် ထိုသို့ ပြောကြားခဲ့ပြီး အီရန်နိုင်ငံအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းတွင် ဖြစ်ပေါ်နေသော စိုးရိမ်ထိတ်လန့်မှုများကို ပပျောက်စေရန် ဆက်လက်ကြိုးပမ်းနိုင်မည်ဟု မျှော်လင့်ကြောင်းလည်း ထပ်လောင်းပြောကြားခဲ့သည်။

### ပုံမှန်အတိုင်း

စိုးရိမ်ပူပန်စိတ်များ ပပျောက်သွားပါက နိုင်ငံတကာအသိုင်းအဝိုင်း အနေဖြင့် အီရန်နှင့်ဆက်ဆံရေးမှာ ပုံမှန်အတိုင်းပြန်ဖြစ်လာမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားလိုက်သည်။

အီရန်အပေါ် နောက်ထပ်ပိတ်ဆို့မှု လုပ်နိုင်မလုပ်နိုင်ဆိုသည့် အမြင်ကိုမူ ဘာရာဒီက ပြောဆိုရန် ငြင်းဆိုခဲ့ပြီး ယင်းပြဿနာသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်ပင်ဖြစ်ကြောင်း ထောက်ပြပြောကြားခဲ့သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

**ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်း၌ အစ္စရေးတို့၏ဒုံးလက်နက်များဖြင့် တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ကားအပျက်အစီးများအား ပါလက်စတိုင်းတို့ ရှင်းလင်းဖယ်ရှားနေသည်ကို ဇန်နဝါရီ ၁၇ ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

## စီးကရက်အတု ကိုးဘီလီယံကျော် ၂၀၀၇ခုနှစ်အတွင်း တရုတ်၌သိမ်းဆည်းမိ

ပေကျင်း ဇန်နဝါရီ ၁၉

**တရုတ်နိုင်ငံတစ်ဝန်းတွင် ၂၀၀၇ခုနှစ်အတွင်းက စီးကရက်အတု ၉ဒသမ၂၈ဘီလီယံ သိမ်းဆည်းမိခဲ့ကြောင်း အစိုးရ မူးယစ်ဆေးဝါးထိန်းချုပ်ရေး စီမံခန့်ခွဲမှုဌာန(အက်စ်တီအမ်အေ)က ဇန်နဝါရီ၁၆ရက်၌ ကြေညာခဲ့သည်။**

ဥပဒေအာဏာပိုင်အဖွဲ့အစည်းများက စီးကရက်အတုသိုလှောင်ရာ ဂိုဒေါင် ၃၈၇၆ခုကို ဝင်ရောက်စီးနင်းခဲ့ရာ တံဆိပ်တုပြုလုပ်မှုနှင့်ပတ်သက်ပြီး ၇၀၂၆ဦးကို ဖမ်းဆီးကာ ၃၄၉၂ဦးကို တရားစွဲဆိုခဲ့ကြောင်း အက်စ်တီအမ်အေ အဖွဲ့ခေါင်းဆောင် ကျန်ချင်ကန်က ထုတ်ဖော်ပြောကြားခဲ့သည်။

### ထပ်မံပြောကြား

ဥပဒေအာဏာပိုင် အဖွဲ့အစည်းများသည် ယွမ် ၅၀၀၀၀ တန်ဖိုးရှိ အမှုပေါင်း ၅၅၀၅ မှုကို ဖြေရှင်းပေးနိုင်ခဲ့သည်။ ၎င်းတို့အနက်မှ ၄၉မှုသည် ဒေါ်လာ၁၀သန်းကျော် တန်ဖိုးရှိကြောင်း ၎င်းက ထပ်မံပြောကြားသည်။

### တရားစွဲဆိုနိုင်

တရုတ်နိုင်ငံတွင် ၂၀၀၆ ခုနှစ်က စီးကရက်အတု၉ဒသမ ၇ ဘီလီယံဖိုးဖမ်းဆီးခဲ့ပြီး အဓိကအမှုကြီး ၂၄မှုကို နှိမ်နင်းနိုင်ခဲ့သည်။ ဖမ်းဆီးရမိသောအမှုများမှာ တစ်ခုကို ယွမ် ၁၀သန်းကျော်တန်ဖိုးရှိကာ လူပေါင်း ၂၃၁၃ဦးကို တရားစွဲဆိုနိုင်ခဲ့သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၉-၁-၂၀၀၈

## တရုတ်၌ပညာတော်သင်ဆုရရှိသူ ကျောင်းသားများအား ထောက်ပံ့

**တရုတ်နိုင်ငံ၌ ပညာတော်သင်ဆုရရှိသူ ဆင်းရဲသောကျောင်းသား ငါးသောင်းအတွက် ထောက်ပံ့ငွေမှာ အမေရိကန်ဒေါ်လာ ၅၅သန်းရှိခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။**

**ပညာတော်သင်ဆုရရှိသူ တရုတ်ကျောင်းသားများအနေဖြင့် ကျောင်းသား တစ်ဦးလျှင် တစ်လအမေရိကန်ဒေါ်လာ ၁၁၀၃ ဒေါ်လာ ထောက်ပံ့ပေးလျက် ရှိကြောင်း ၎င်းတို့က ပြောကြားသည်။**

## ဘတ်စ်ကားပြေးဆွဲမှုစနစ် စင်ကာပူ၌ ပြောင်းလဲ

စင်ကာပူနိုင်ငံကပြည်တွင်း ဘတ်စ်ကားများ ပြေးဆွဲမှုအဆင့် တိုးတက်လာစေရေးအတွက် သယ်ယူပို့ဆောင်ရေးစနစ်ကို ပြောင်းလဲမည်ဖြစ်ကြောင်း စင်ကာပူ သယ်ယူပို့ဆောင်ရေးအရာရှိများက ပြောကြားသည်။

အရည်အသွေး မြင့်မားသည့် ခရီးသည်သယ်ယူပို့ဆောင်ရေးစနစ်တိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်ပေါ်စေရေးတို့ကို အလေးထား ပြုပြင်ဆောင်ရွက်သွားမည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

## ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယ မီးရထားပြေးဆွဲမည်

ဒါကာ–ကိုလ်ကတ္တားမြို့ မီးရထားခရီးစဉ်ကို လာမည့်သုံးလအတွင်း စတင်ပြေးဆွဲရန်စီစဉ်နေကြောင်း ဘင်္ဂလားဒေ့ရှ်အရာရှိတစ်ဦးဖြစ်သည့် ရှုလမ်ကွာဒါက ပြောကြားလိုက်သည်။

အိန္ဒိယနိုင်ငံအနေဖြင့် ယခုကဲ့သို့ မီးရထားပြေးဆွဲမှုအတွက် မိမိတို့၌ အဆင်သင့်ရှိနေပြီဖြစ်ကြောင်း၊ ပြင်ဆင်မှုများလည်း ပြုလုပ်ပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

## ကြက်ငှက်တုပ်ကွေးဆိုင်ရာ ထိပ်သီးအစည်းအဝေးကျင်းပ

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် (၆)ကြိမ်မြောက် နိုင်ငံတကာဆိုင်ရာ ကြက်ငှက်တုပ်ကွေး ရောဂါဆိုင်ရာ ထိပ်သီးအစည်းအဝေးကို ယခုနှစ်ကုန်၌ ကျင်းပမည်ဖြစ်ကြောင်း အင်ဒိုနီးရှား အရာရှိများက ပြောကြားသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးကို ယခုနှစ် မတ်၂၇ရက်နှင့် ၂၈ရက်များ၌ ကျင်းပမည်ဖြစ်ပြီး သိပ္ပံပညာရှင်များ၊ ကျန်းမာရေးအရာရှိများ၊ ဥပဒေ ရေးဆွဲသူများနှင့် နိုင်ငံတကာမှ ဥပဒေအကြံပေး ပုဂ္ဂိုလ်များ တက်ရောက်ကြမည် ဖြစ်သည်။

## တာဝေးပစ်ဒုံးကျည်တစ်စင်း အစ္စရေး စမ်းသပ်ပစ်လွှတ်

**အစ္စရေးနိုင်ငံက တာဝေးပစ်ဒုံးကျည်တစ်စင်းကို အောင်မြင်စွာစမ်းသပ် ပစ်လွှတ်နိုင်ခဲ့ကြောင်း အစ္စရေးအရာရှိများက ပြောကြားသည်။ ထိုသို့ ဒုံးကျည်အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခြင်းသည် အစ္စရေးတို့၏ လုံခြုံရေး အဆင့်ကို တိုးမြှင့်နိုင်ခြင်းဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။**

**အဆိုပါ ဒုံးကျည်သည် အစ္စရေးတို့၏ လုံခြုံရေးအတွက် ကာကွယ်ရေး စွမ်းဆောင်မှုကို ပြသခြင်းလည်းဖြစ်ကြောင်း အစ္စရေးအရာရှိများက ပြောကြား သည်။**

## ဖိလစ်ပိုင်နှင့် ဗီယက်နမ်တိုက်ရိုက်လေကြောင်းခရီးစဉ်စမည်

ဖိလစ်ပိုင်နိုင်ငံမှ စီဘူးပစိဖိတ်အဲလိုင်းသည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့သို့ လာမည့်ဧပြီ ၁၁ ရက်မှ စတင်ကာ တိုက်ရိုက်ပျံသန်းမှု စတင်မည်ဖြစ်ကြောင်း စီဘူးပစိဖိတ်အဲလိုင်းမှ အရာရှိများက ပြောကြားသည်။

ထို့အပြင် မနီလာ–ဟန္နိုင်းလေကြောင်းခရီးစဉ်ကိုလည်း လာမည့်ဧပြီ ၁၀ ရက်၌ စတင်မည်ဖြစ်ပြီး လေယာဉ် စျေးနှုန်းများ လျှော့ချပေးသွားမည်ဟု ၎င်းအရာရှိများက ဆက်လက်ပြောကြားသည်။

## ရုရှားနှင့် ဘူလ်ဂေးရီးယား ဓာတ်ငွေ့ပိုက်လိုင်းကိစ္စ သဘောတူ

**ဥရောပတောင်ပိုင်းသို့ ဓာတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းတည်ဆောက်ရေးနှင့် ပတ်သက်ပြီး ရုရှားနှင့် ဘူလ်ဂေးရီးယားတို့ သဘောတူလက်မှတ်ရေးထိုး နိုင်ငံတော့မည်ဖြစ်သည်။**

**ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့တွင် ရုရှားနှင့်ဘူလ်ဂေးရီးယား နှစ်နိုင်ငံတို့မှ ကိုယ်စားလှယ်များဆွေးနွေးခဲ့ကြပြီးနောက် အဆိုပါဓာတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းသွယ်တန်းရေး၌ ဘူလ်ဂေးရီးယားက ပါဝင်မည်ဖြစ်ကြောင်း ဘူလ်ဂေးရီးယားအရာရှိများက ပြောကြားသည်။**

## ဘဝဒဿနအမြင်

* ***Sentiment without action is the ruin of the soul.***
  ***လက်တွေ့မပါတဲ့ စိတ်ကူးယဉ်သက်သက်ဟာ လူကိုပျက်စီးစေပါတယ်။***

  အက်ဒွပ်အာဘေး
  အခြေခံသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးပညာရှင်

* ***The more I want to get something done, the less I call it work.***
  ***အလိုကြီးလေ အရနည်းလေပါပဲ။***

  ရစ်ချတ်ဘက်ချ်
  အတွေးအခေါ်ပညာရှင်

# ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

* အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ် အင်ပါတယ်မြို့အနီးရှိ တံတားတစ်စင်း ဇန်နဝါရီ ၁၈ ရက်က ပြိုကျခဲ့ရာ ၂၂ဦး သေဆုံးပြီး ၂၅ဦးဒဏ်ရာရရှိခဲ့သည်။ **(အပေါ်ပုံ)**

* **အမေရိကန်နိုင်ငံ တက်ဆက်စ်ပြည်နယ်၌ ဇန်နဝါရီ၁၈ရက်က အမေရိကန်လေတပ်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ သုံးဦးသေဆုံးခဲ့သည်။**

* မော်ရိုကိုနိုင်ငံအနောက်မြောက်ပိုင်း ခါနီထရာမြို့တွင် ဇန်နဝါရီ ၁၈ရက်က ဆောက်လုပ်လက်စအဆောက်အအုံ ပြိုကျခဲ့ရာ ၁၄ဦး သေဆုံးပြီး ၂၆ဦး ဒဏ်ရာရရှိခဲ့သည်။

* **နီပေါနိုင်ငံတောင်ပိုင်း ပါဆာဟာမြစ်ကို ဖြတ်သန်းဖောက်လုပ်ထားသော တံတားတစ်စင်းပေါ်၌ ဖြတ်သန်း မောင်းနှင်နေသော ခရီးသည်တင် ဘတ်စ်ကားတစ်စီး ဇန်နဝါရီ ၁၈ ရက်က မီးလောင်ပေါက်ကွဲမှုဖြစ်ပွားရာ ၁၀ဦး သေဆုံးပြီး ၂၇ဦး ဒဏ်ရာရရှိခဲ့သည်။**

* ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ပိုင်း ကူရီဂရမ်ခရိုင်တွင် ဇန်နဝါရီ ၁၈ရက်က အအေးလွန်ကဲမှုကြောင့် ကလေးငယ် ကိုးဦး သေဆုံးသွားသည်။

* **ဘိုလီးဗီးယားနိုင်ငံ လာပက်ဇ်မြို့တွင် ဇန်နဝါရီ ၁၈ရက်က မော်တော်ယာဉ်နှစ်စီး အရှိန်ပြင်းစွာ မျက်နှာချင်းဆိုင် တိုက်မိခဲ့ရာ ကိုးဦးပွဲချင်းပြီး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်။**

* တရုတ်နိုင်ငံ ချုံကျင်းမြို့အနောက်ပိုင်းဒေသများတွင် ဇန်နဝါရီ ၁၈ ရက်က အပူလှိုင်းကျရောက်ပြီး အပူချိန် ၁၀၆ဒီဂရီ ဖာရင်ဟိုက်အထိရှိခဲ့သဖြင့် ခုနစ်ဦးသေဆုံးခဲ့သည်။

* **ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့သို့ ဇန်နဝါရီ ၁၈ရက်က ပျံသန်းလာသော ကုန်တင်လေယာဉ် တစ်စင်းပေါ်မှ မှောင်ခိုသယ်ဆောင်လာသည့် မြွေသေတ္တာများကို ဗီယက်နမ်အကောက်ခွန်အရာရှိများက ဖမ်းဆီး မိခဲ့သည်။**

# နိုင်ငံတကာမှုခင်းဖြစ်ရပ်

## ဘဝသံသရာ

**ဆယ်လ်ဗာတိုရီကပ်ဖာရို**

ပါလာမိုမြို့သည် အီတလီ နိုင်ငံပိုင် စစ္စလီကျွန်း၏ မြောက်ဘက်ကမ်းရိုးတန်းတွင် တည်ရှိပြီး ယင်းကျွန်း၏ မြို့တော်ဖြစ်ကာ လူဦးရေ ခုနစ်သိန်းကျော် နေထိုင်သည်။ ပင်လယ်ဆိပ်ကမ်းမြို့ ဖြစ်သဖြင့် ကူးသန်းရောင်းဝယ်ရေးကောင်းမွန်ကာ ပင်လယ်ရှုခင်းများဖြင့် သာယာလှပသောမြို့ ဖြစ်သည်။

**ရည်မှန်းကြိုးစား**

ဆယ်လ်ဗာတို ရီကပ်ဖာရိုသည် ပါလာမိုမြို့တွင် နေထိုင်ကြီးပြင်းခဲ့သူဖြစ်သည်။ ကပ်ဖာရိုသည် ငယ်စဉ်ကတည်းကရိုးသားကြိုးစားခဲ့ပြီး ပညာရေးတွင်လည်း ထူးချွန်ထက်မြက်ခဲ့သူဖြစ်သည်။ သူအရွယ်ရောက်လာချိန်တွင် အရာရှိကြီးတစ်ဦး ဖြစ်ရမည်ဟု ရည်မှန်းကြိုးစားခဲ့သည်။

**သာယာချမ်းမြေ့**

အရွယ်ရောက်လာသောအခါ တစိုက်မတ်မတ် ကြိုးစားမှုကြောင့် အရာရှိကြီးတစ်ဦး ဖြစ်လာခဲ့သည်။ သူ့တွင်ထိုအချိန်က ဇနီးနှင့် သားသမီးခြောက်ယောက် ထွန်းကားနေပြီဖြစ်သည်။ သူ၏ ရိုးသားဖြောင့်မတ်မှန်ကန်မှုကြောင့် လုပ်ငန်းခွင်တွင် ပြဿနာမရှိဘဲ မိသားစုနှင့် အေးဆေးပျော်ရွှင်စွာ နေထိုင်နိုင်ခဲ့သည်။ သူ၏ သားသမီးများမှာလည်း လိမ္မာရေးခြားရှိကြသဖြင့် သူ၏ဘဝ သာယာချမ်းမြေ့ခဲ့သည်။

ကပ်ဖာရိုတွင် သားအကြီးသုံးဦးနှင့် သမီးအငယ်သုံးဦးရှိသည်။ ကပ်ဖာရိုသည် ဌာနအကြီးအကဲ တစ်ဦးဖြစ်ပြီး သူ၏အလုပ်သည် ဒုစရိုက်မှုများကို နှိမ်နင်းရသောအလုပ်ဖြစ်သဖြင့် ဒုစရိုက်မှုများကိုမုန်းတီးသူဖြစ်သည်။ ထို့ကြောင့် သူသည် အီတလီတွင် ကြီးစိုးမင်းမူနေသော မာဖီးယားဂိုဏ်းနှင့် ထိပ်တိုက်ရင်ဆိုင်ရတော့သည်။

**ခြိမ်းခြောက် ငွေတောင်း**

ဘဝကို အေးချမ်းစွာဖြတ်သန်းလာခဲ့ရသော ကပ်ဖာရိုသည် ထိုအချိန်မှစ၍ သူ၏ဘဝတွင် စိုးရိမ်ပူပန်မှုများနှင့် ရင်ဆိုင်ခဲ့ရတော့သည်။ဒုစရိုက်လုပ်ငန်းများ ကပ်ဖာရိုကြောင့် ထိခိုက်လာသောအခါ မာဖီးယားတို့က ကပ်ဖာရိုအပေါ် အငြိုးထားခဲ့ကြတော့သည်။ ထို့ကြောင့် ၂၀၀၁ခုနှစ် အတွင်းတွင် ၎င်း၏ အငယ်ဆုံးသမီးအားပြန်ပေးဆွဲကာခြိမ်းခြောက် ငွေတောင်းခဲ့ကြသည်။

**ကပြောင်းကပြန်ဖြစ်**

ကပ်ဖာရိုအဖို့သမီးအသက်အန္တရာယ်အတွက် မာဖီးယားတို့ တောင်းသော ငွေကြေးကိုပေးခဲ့ရရုံသာမက မာဖီးယားဂိုဏ်း နှိမ်နင်းမှုကို အရှိန်လျှော့ခဲ့ရသည်။ ယင်းဖြစ်ရပ်သည်သူ၏ဘဝကိုကပြောင်းကပြန် ဖြစ်စေခဲ့သည်။ ကပ်ဖာရိုအနေဖြင့် သားသမီးဇောကြောင့် မတိုးသာ မဆုတ် သာဖြစ်ခဲ့ရသည်။သက်ဆိုင်ရာ အာဏာပိုင်တို့က ကပ်ဖာရိုအား မာဖီးယားဂိုဏ်းခေါင်းဆောင်များကို ကူညီမှုပေးသည် ဟူသော စွပ်စွဲခံရကာ ၂၀၀၄ ခုနှစ်တွင် ရုံးတင်တရားစွဲခံခဲ့ရသည်။ ကပ်ဖာရိုကမူ မာဖီးယားဂိုဏ်းကို မည်သည့်အခါကမျှ အကူအညီမပေးခဲ့သည့်အတွက် အမှုပြီးပါက ရုံးတွင် ပြန်ထိုင်ရမည်ဟု မျှော်လင့်ထားလေသည်။ အီတလီနိုင်ငံ၏ တရားဥပဒေအရ ရုံးမထိုင်ရအမိန့်မှာ တရားရင်ဆိုင်ပြီးမှသာအကျုံးဝင်မည် ဖြစ်သဖြင့် ၂၀၀၄ခုနှစ် ကတည်းက ယခုစွဲချက်တင်ပြီး ပြစ်ဒဏ်မကျမီ အထိ ကပ်ဖာရိုမှာ ရုံးထိုင်နေရဆဲပင် ဖြစ်သည်။ သို့သော်လည်း ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁၈ရက်တွင် ပါလာမိုတရားရုံးက ကပ်ဖာရိုကို မာဖီးယားတို့အား ကူညီမှုဖြင့် ထောင်ဒဏ်ငါးနှစ် ချမှတ်ခဲ့သဖြင့် ၎င်း၏မိသားစုမှာ ယူကျုံးမရ ဖြစ်ကြရသည်။

**မည်သို့ပင်ဖြစ်စေ ဘဝသံသရာ ကျင်လည်နေရသော ကပ်ဖာရိုသည် ၎င်းမကျူးလွန်သော ပြစ်မှုအတွက် ထောင်ထဲတွင် ငါးနှစ်တာ ပေးဆပ်ရမည်မှာ စာနာဖွယ်ကောင်းလှသည်။ မည်သူမဆို လေ့နံ့နှစ်ဖက်နင်း၍ မရသော လုပ်ငန်းများတွင် ကပ်ဖာရို ရပ်တည်ရသော အခြေအနေမှာ သတိပြုဖွယ် အနေအထား ဖြစ်ပေတော့သည်။ ။**

**ကပ်ဖာရိုအနေဖြင့် သားသမီးဇောကြောင့် မတိုးသာ မဆုတ်သာဖြစ်ခဲ့ရ။**

**ချစ်စိုးနိုင်–ကိုးကားရေးဖွဲ့သည်**

# မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၌ နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၉

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာကြသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူတို့အား ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး ဌာန ဝန်ကြီး(၂) Dato Seri Setia Lim Jook Seng က ဇန်နဝါရီ၁၅ရက် ည၇နာရီက Empire Hotel & Country Club၌ အလွတ်သဘော ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

အဆိုပါ အလွတ်သဘော ညစာစားပွဲတွင် မြန်မာနိုင်ငံနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်မှုများကို အမြင်ချင်း ဖလှယ်ခဲ့ကြသည်။ ထိုသို့ အမြင်ချင်းဖလှယ်ကြရာတွင် ဝန်ကြီး Dato Seri Setia Lim Jook Seng က ဘရူနိုင်းနိုင်ငံသည် ရေနံထုတ်လုပ်မှု အပေါ်တွင်သာ အဓိကတည်ရှိနေသောကြောင့် အခြားသောကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်ရေးကို စတင်ဆောင်ရွက်နေကြောင်း၊ နှစ် ၃၀ စီမံကိန်းရေးဆွဲ ဆောင်ရွက်လျက်ရှိရာ ဒေသတွင်း လေကြောင်းလိုင်း တိုးချဲ့ပြေးဆွဲရေး၊ သဘာဝခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရေး၊ သားငါးကဏ္ဍတွင် ဒေသအတွင်း ဗဟိုချက်မဖြစ်လာစေရေး စသည့် လုပ်ငန်းကြီးပမ်းဆောင်ရွက်မှုများကိုလည်း ဆွေးနွေးသည်။

## အမြင်ချင်းဖလှယ်

မြန်မာနိုင်ငံမှ ဝန်ကြီးများကလည်း ဆန်တင်ပို့ရေး၊ ပဲ၊ ပြောင်း စသည့် လယ်ယာထွက်ကုန်သီးနှံများ တင်ပို့ရေး၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း တိုးချဲ့ဆောင်ရွက်ရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်၍ လေကြောင်းလိုင်း တိုးချဲ့ပျံသန်းရေး၊ နှစ်နိုင်ငံကုန်သွယ်ရေးအဖွဲ့များ အပြန်အလှန်စေလွှတ်ရေးတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့အပြင် အာဆီယံနိုင်ငံများ အတွင်း စင်ကာပူထိပ်သီးအစည်းအဝေးတွင် နိုင်ငံခေါင်းဆောင်ကြီးများ လက်မှတ်ရေးထိုးခဲ့ကြသော AEC, ASEAN Charter တို့ အတည်ပြုနိုင်ရေးတို့အပေါ် မိမိတို့နိုင်ငံအလိုက် ဆောင်ရွက်နိုင်မှုတို့ကို ဆွေးနွေးကြပြီး အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများက Free Trade Area သဘောတူစာချုပ် ဆောင်ရွက်သည့် ကိစ္စရပ်များအပေါ်တွင်လည်း အမြင်ချင်းဖလှယ်ခဲ့ကြသည်။

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး YB Pehin Orang Kaya Seri Setia Hj Awg Abu Bakar Haji Apon တို့ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ Prime Minister's Office မှ Deputy Permanent Secretary, Haji Ismail Dato Hashim တို့ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)

**ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့်အတူ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ကုန်သည်များနှင့် စက်မှုအသင်း(NCCIBD) တို့ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုး လဲလှယ်ကြစဉ်။** (သတင်းစဉ်)

## တွေ့ဆုံနှုတ်ဆက်

ထို့အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ပြည်ထဲရေးဝန်ကြီး ဌာန ဝန်ကြီး Honourable Pehin Orang Kaya John Pahlawan Dato Seri Setia Awang Haji Adanan bin Begawan Pehin Siraja Khatib Dato Seri Setia Awang Haji Mohd Yusof အား ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီးရုံးသို့ သွားရောက်၍ တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးနှစ်ဦး တို့သည် မြန်မာနိုင်ငံတွင် နိုင်ငံတော် ဖွံ့ဖြိုးရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အထူးဖွံ့ဖြိုးရေး ဒေသ(၂၄)ခု စီမံကိန်းများနှင့် မြန်မာ နိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်း ပြောကြား၍ ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးတို့ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)

## အကျိုးတူပူးပေါင်းဆောင်ရွက်

အလားတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဇန်နဝါရီ၁၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး YB Pehin Orang Kaya Seri Setia Hj Awg Abu Bakar Haji Apon အား ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ ဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးရုံးသို့ သွားရောက်၍ တွေ့ဆုံပြီး နှစ်နိုင်ငံပို့ဆောင်ရေးကိစ္စရပ်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇန်နဝါရီ ၁၆ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ Prime Minister's Office မှ Deputy Permanent Secretary, Haji Ismail Dato Hashim အား Empire Hotel & Country Club ခုနစ်လွှာရှိ ဧည့်ခန်းမသို့သွားရောက်၍ တွေ့ဆုံပြီး နှစ်နိုင်ငံ စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

## တွေ့ဆုံ

အလားတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဇန်နဝါရီ၁၇ ရက် နံနက် ၉ နာရီခွဲတွင် Jalan Menteri Sesar ရှိ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သဘာဝအရင်းအမြစ်နှင့် စက်မှုဝန်ကြီး ဌာနဝန်ကြီးရုံးသို့ သွားရောက်၍ သဘာဝ အရင်းအမြစ်နှင့် စက်မှုဝန်ကြီး ဌာန ဝန်ကြီး Pehin Orang Kaya Setia Palalawan Dato Seri Setia Dr. Haji Ahmad bin Haji Jumat အား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက မြန်မာနိုင်ငံလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေနှင့် သီးနှံအလိုက် ထုတ်လုပ်တင်ပို့နေမှု အခြေအနေများ၊ ဘိုင်အိုဒီဇယ် ထုတ်လုပ်ရန်အတွက် စိုက်ပျိုးထားမှု အခြေအနေများ၊ ဘိုင်အိုဒီဇယ် ထုတ်လုပ်မှုနှင့် လယ်ယာကဏ္ဍများတွင်

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သဘာဝအရင်းအမြစ်နှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး Pehin Orang Kaya Setia Palalawan Dato Seri Setia Dr. Haji Ahmad bin Haji Jumat တို့ တွေ့ဆုံ ဆွေးနွေးကြစဉ်။** (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး Honourable Pehin Haji Suyoi ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီ ဘီဂါဝန်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

✡ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဘန်ဒါဆရီဘီဂါဝန်မြို့ ဖွံ့ဖြိုးသာယာလှပမှုများနှင့် Jerudong Park တို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြပြီး ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ ခေတ္တတည်းခိုသည့် Empire Hotel & Country Club သို့ ပြန်လည်ရောက်ရှိကြသည်။

## ပို့ဆောင်နှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာရန် ခေတ္တ တည်းခိုသည့် Empire Hotel & Country Club မှ မော်တော်ယာဉ်များဖြင့် ဘန်ဒါဆရီဘီဂါဝန်လေဆိပ်သို့ ရောက်ရှိကြရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး Honourable Pehin Haji Suyoi နှင့် အဆင့်မြင့်အရာရှိကြီးများ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်သံရုံး သံရုံးယာယီတာဝန်ခံ ဦးမိုးကျော်အောင်နှင့်ဇနီး ဒေါ်နီလာအောင်၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုသည်။

## ပြန်လည်ထွက်ခွာ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ဘန်ဒါဆရီဘီဂါဝန်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာကြရာ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**

ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ရင်းနှီးစွာ ဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး Dato Hamdillah. H.A Wahab နှင့် တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

## လုပ်ငန်းရှင်များ

ထို့အတူ မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ လိုက်ပါလာကြသော မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ကိုယ်စားလှယ်အဖွဲ့နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တွေဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီခွဲတွင် ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ National Chamber of Commerce & Industry ရုံးခန်းမ၌ ကျင်းပသည်။

## တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော ကုန်သည်လုပ်ငန်းရှင် ၁၀ ဦးနှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံမှ ကုန်သည် / စက်မှုအသင်း ဥက္ကဋ္ဌ Mr.Razali Johari ခေါင်းဆောင်သော စီးပွားရေးလုပ်ငန်းရှင် ၂၀ တို့ တက်ရောက်ကြသည်။

## အကြံပြုဆွေးနွေး

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အသင်းချုပ်၏ ဖွဲ့စည်းဆောင်ရွက်နေမှုအခြေအနေ၊ နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ဆောင်ရေးတွင် ကုန်သည်အသင်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ရေရှည် အကျိုးတူပူးပေါင်းဆောင်ရွက်ရာ၌ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာတို့တွင် ထိတွေ့လုပ်ကိုင်နိုင်ရေးအတွက် ကုန်သည်အသင်းအချင်းချင်း နားလည်မှုစာချွန်လွှာရေးဆွဲရေးတို့ကို အကြံပြုဆွေးနွေးသည်။

## ပြန်လည်ဆွေးနွေး

ဆက်လက်၍ ဘရူနိုင်းဒါရုဆလမ်နိုင်ငံမှ ကုန်သည်/စက်မှုအသင်း ဥက္ကဋ္ဌ Mr. Razali Johari ကလည်း ဘရူနိုင်းနိုင်ငံအနေဖြင့် လူဦးရေနည်းပါးပြီး ရေနံပေါ်တွင် အဓိကဝင်ငွေကို အားထားရကြောင်း၊ မြန်မာနိုင်ငံထက် ပမာဏအားဖြင့်သေးငယ်ပြီး မြန်မာနိုင်ငံကဲ့သို့ သဘာဝသယံဇာတ ပေါများခြင်းမရှိပါကြောင်း၊ မြန်မာ့ကျောက်မျက်ရတနာများကို စိတ်ဝင်စားပါကြောင်း၊ နှစ်နိုင်ငံ ကုန်သွယ်မှုတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကို လိုလားပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးသည်။

## ဂုဏ်ပြုလက်ဆောင်ပေးအပ်

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံကုန်သည်များနှင့် စက်မှုအသင်း (NCCIBD)တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုး လဲလှယ်ကြပြီး ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ကြကာ တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၃ မှ

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် မွန်းလွဲ ၁ နာရီခွဲတွင် မဟာပါသာဏလိုဏ်ဂူတော်ကြီးသို့ ရောက်ရှိလာပြီး အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ (သဘောရေးဖြေ) ရွေးချယ်ရေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုတော်မူလျက်ရှိကြသည့် သံဃာတော်များအား ဖူးမြော်ကြည်ညိုသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် တိပိဋကဓရ ရွေးချယ်ရေးဩဝါဒါစရိယ ဆရာတော်ကြီးများအား သင်္ကန်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အလှူရှင်များဖြစ်ကြသော ရန်ကုန်မြို့နေ ဦးကျော်ဆန်းမြင့်–ဒေါ်သင်းသင်းဦး မိသားစုတို့က စာဖြေသံဃာတော်များအား သင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှစတင်၍ ဇန်နဝါရီ ၂၄ ရက်အထိ ကျင်းပလျက်ရှိသည်။

အဆိုပါ စာမေးပွဲကြီးတွင် ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှ ဇန်နဝါရီ ၁၅ ရက်အထိ အာဂုံပြန်ဆိုပွဲကို ကျင်းပခဲ့ပြီး သာသနာ့အာဇာနည် အရှင်သူမြတ် ၁၁၃ ပါးတို့ ဝင်ရောက်ဖြေဆိုတော်မူခဲ့ကြသည်။ သဘောရေးဖြေစာမေးပွဲကို ဇန်နဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ ဆက်လက်ကျင်းပလျက်ရှိပြီး သာသနာ့အာဇာနည်အရှင်သူမြတ် ၁၁၉ ပါးတို့ ဝင်ရောက်ဖြေဆိုတော်မူလျက် ရှိကြသည်။

## သာသနာ့အာဇာနည်

ယင်းတိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို (၁၃၁၀ ပြည့်နှစ်) ၁၉၄၈ ခုနှစ်မှစတင်၍ ကျင်းပလာခဲ့ရာ ၂၀၀၇ ခုနှစ်အထိ ၅၉ နှစ်တာကာလအတွင်း သာသနာ့အာဇာနည်အရှင်သူမြတ်များ ပေါ်ထွန်းခဲ့သည်။

အာဂုံ၊ ရေးဖြေ နှစ်ရပ်စလုံးတွင် အောင်မြင်တော်မူကြသော သာသနာ့အာဇာနည်အရှင်သူမြတ်များမှာ ပိဋကသုံးပုံအောင် ၁၁ ပါး၊ ပိဋကနှစ်ပုံခွဲအောင် ငါးပါး၊ ပိဋကနှစ်ပုံအောင် ၁၃ ပါး၊ ပိဋကတစ်ပုံအောင် ၁၁၄ ပါး၊ ပိဋကတစ်ပုံအောင်နှင့် မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ် အောင် တစ်ပါး၊ ပိဋကတစ်ပုံအောင်နှင့် သံယုတ္တနိကာယ်၊ မဇ္ဈိမနိကာယ်အောင် တစ်ပါး၊ ပိဋကတစ်ပုံနှင့် မဇ္ဈိမနိကာယ် အောင် နှစ်ပါး၊ သံယုတ္တနိကာယ်နှင့် အင်္ဂုတ္တရနိကာယ်အောင် တစ်ပါး၊ အင်္ဂုတ္တရ နိကာယ်အောင် သုံးပါး၊ သံယုတ္တနိကာယ်အောင် နှစ်ပါး၊ မဇ္ဈိမနိကာယ်အောင် သုံးပါးနှင့် ဝိနည်းရှေ့ပိုင်းအောင် ၂၅၁ ပါးတို့ဖြစ်ကြပြီး အာဂုံသက်သက် အောင်မြင်သော သာသနာ့အာဇာနည် အရှင်မြတ်များမှာ ပိဋကသုံးပုံဆောင် သုံးပါး၊ ပိဋကနှစ်ပုံခွဲဆောင် ၁၂ ပါး၊ ပိဋကနှစ်ပုံဆောင် ၄၂ ပါး၊ ပိဋကတစ်ပုံဆောင် ၃၅၉ ပါး၊ ပိဋကတစ်ပုံနှင့် မဇ္ဈိမ နိကာယ်ဆောင် တစ်ပါး၊ မဇ္ဈိမနိကာယ်ဆောင် တစ်ပါး၊ သံယုတ္တနိကာယ်ဆောင် တစ်ပါး၊ အင်္ဂုတ္တရနိကာယ်ဆောင် တစ်ပါးနှင့် ဝိနည်း ရှေ့ပိုင်းဆောင် ၄၆၂ ပါးတို့ ဖြစ်ကြသည်။

အဆိုပါ တိပိဋကဓရ တိပိဋကကောဝိဒ စာမေးပွဲကြီးသည် ၃၃ ရက်တိုင်တိုင် ရေးဖြေ၊ နှုတ်ဖြေတို့ဖြင့် ဖြေဆိုရသော ကမ္ဘာပေါ်တွင် အခက်ခဲဆုံးနှင့် အရှည်ကြာဆုံး စာမေးပွဲကြီးဖြစ်ကြောင်း သိရှိရသည်။

## လျှောက်ထား

အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့တက်ရောက်ဖူးမြော် ကြည်ညိုကြပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားခဲ့ကြသည်။ **(သတင်းစဉ်)**

## နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတုဂုဏ်ပြု နှင်းဆီရနံ့၊ ဆွတ်ပျံ့ထုံမွှေး၊ မွှေးလွန်းလေကဗျာစာအုပ်ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၁၉

ကဗျာဆရာ၊ စာရေးဆရာ၊ သတင်းစာဆရာကြီး ဒေါက်တာထီလာစစ်သူ (The Great Poet Laurate, Japan) Ph.D.,in Poetry and Composition, D.Litt (DUBLIN) သီကုံး ဖွဲ့နွဲ့ စပ်ဆိုသည့် "စစ်ကိုင်းတောင်ရိုး၊ မြူခိုးလွှင်၊ သခင်လွမ်းဘိ၊ စောင်းကြိုးညှိ၊ ဆိုသည့် တေးလျှင်၊ သံလွင်လွင်"... ဟု အစချီ ကဗျာရှည်ကြီး ပါဝင်သည့် ကဗျာစာအုပ်ကြီးကို ပုံနှိပ်ထုတ်ဝေလိုက်သည်။

## ထည့်သွင်းစပ်ဆို

ဤကဗျာစာအုပ်တွင် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရိန် (အငြိမ်းစား) က အမှာစာရေးပေးထားသည်။ **"ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူသော ဂေါတမမြတ်စွာဘုရားရှင်၏ မဟာဝါပါဠိတော်မှာ ပါရှိသည့်အတိုင်း...ယောဘိက္ခဝေမံ၊ ဥပဋ္ဌဟေယျ၊ သောဂိလာနံ ဥပဋ္ဌဟေယျ။ ချစ်သားတို့၊ ငါဘုရားကို၊ လုပ်ကျွေးလိုသော၊ ထိုပုဂ္ဂိုလ်သည်၊ ဂိလာနဘိုးဘွား၊ လုပ်ကျွေးသွားလော့..."** ဟူသော ဆုံးမဩဝါဒစကားကို ကဗျာရှည်ကြီးတွင် ထည့်သွင်းစပ်ဆိုထားသည်။ ဘွားဦးဖွန်း၏ ဓာတ်ပုံ၊ မြန်မာ့အလင်း ဦးတင်၏ဓာတ်ပုံ၊ ဥက္ကဋ္ဌအဆက်ဆက်၏ ဓာတ်ပုံများ၊ လက်ရှိ အလုပ်အမှုဆောင်အဖွဲ့၏ ဓာတ်ပုံတို့နှင့်တကွ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှတ် ၂၁ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ်မှ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် ပုံနှိပ်ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စမ်းချောင်းမြို့နယ် အတုလာဓိပတိ မဟာမုနိ သကျကိုးထပ်ကြီး ဘုရားသမိုင်း စာအုပ် အုပ်ရေ ၂၀၀ အတွက် တောင်ကြီးမြို့ ရွှေကျားပျံ မရွှေဝါဆေးပေါ့လိပ် မိသားစုက အလှူငွေကျပ် နှစ်သိန်းကို ဇန်နဝါရီ ၁၅ ရက်က ကိုးထပ်ကြီး ဘုရားဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၁၀၃)

## ဂီတအစည်းအရုံးဝင် နှစ်စဉ်ကြေးများပေးသွင်းရန်နှိုးဆော်

ရန်ကုန် ဇန်နဝါရီ ၁၉

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အမှုဆောင်ကော်မတီသည် ပြန်ကြားရေးဝန်ကြီးဌာနမှ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် အသစ်ပြန်လည်ဖွဲ့စည်း တာဝန်ပေးအပ်သည့် အချိန်မှစ၍ ယခင်အဖွဲ့ဝင်ကတ်များကို ဖျက်သိမ်းပြီး အဆိုပြုလွှာအသစ်များ ဖြန့်ဝေကာ ဂီတအစည်းအရုံးဝင်များအား စည်းရုံးဆောင်ရွက်လျက်ရှိသည်။**

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)သို့ ပေးသွင်းထားသော နှစ်စဉ်ကြေးနှင့် ထုတ်ဝေပေးထားသော ကတ်ပြား(အပြာရောင်)များသည် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် သက်တမ်းကုန်ဆုံးသွားပြီဖြစ်သည်။ ဂီတအစည်းအရုံးဝင် နှစ်စဉ်ကြေးများကို ပညာရှင်များ တစ်လ ငွေကျပ် ၁၀၀ နှုန်း၊ ဝါသနာရှင်များ တစ်လ ငွေကျပ် ၅၀ နှုန်းတို့ဖြင့် ၂၀၀၈–၂၀၀၉ ခုနှစ်အတွက် နှစ်စဉ်ကြေးများပေးသွင်း၍ အဖွဲ့ဝင်ကတ်ပြားအသစ်များ လဲလှယ်ကြရန် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)က နှိုးဆော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

(က–ပ)




**ဇန်နဝါရီ ၁၉ ရက်က ဗဟန်းမြို့နယ် အမှတ်(၁၃)အခြေခံပညာမူလတန်းကျောင်း ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ကမ္ဘာ့စားနပ်ရိက္ခာနေ့ မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဒုတိယဆုရ မောင်ပိုင်သုခအား မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ကြည်က ဆုချီးမြှင့်စဉ်။**

(မြန်မာ့အလင်း)

## အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင် လယ်ယာ/ ဆည်မြောင်းနှင့် Eleven တို့ တစ်ဂိုးစီသရေကျ

**သတင်းမှတ်စု – ကိုထွေး**

ရန်ကုန် ဇန်နဝါရီ ၁၉

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇–၂၀၀၈ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေး (မြန်မာလိဂ်) ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ လယ်ယာ/ဆည်မြောင်းအသင်းနှင့် Eleven အသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။**

## ဦးဆောင်ဂိုး

နှစ်သင်းစလုံး သုံးပွဲဆက်တိုက်ရှုံးနိမ့်ကာ အမှတ်ပေးမရသေး၍ အနိုင်ရရှိရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး တစ်ဂိုးစီ သရေကျဖြင့် တစ်မှတ်စီ ခွဲယူလိုက်ရသည်။ လယ်ယာ/ဆည်မြောင်းအသင်းအတွက် ဦးဆောင်ဂိုးကို ပထမပိုင်းတွင် တင်အောင်မိုးက သွင်းယူပေးပြီး Eleven အသင်းအတွက် ချေပဂိုးကို ဒုတိယပိုင်းတွင် နိုင်နိုင်က သွင်းယူပေးသည်။ ယနေ့ပွဲစဉ်အပြီးတွင် လယ်ယာ/ ဆည်မြောင်းအသင်းက လေးပွဲကစား တစ်ပွဲသရေ၊ သုံးပွဲရှုံး တစ်မှတ်ဖြင့် အဆင့် ၁၃ ၌လည်းကောင်း၊ Eleven အသင်းက လေးပွဲကစား တစ်ပွဲသရေ၊ သုံးပွဲရှုံး တစ်မှတ်ဖြင့် အဆင့်(၁၄)၌ လည်းကောင်း ရပ်တည်လျက်ရှိကြသည်။

## ယနေ့ပွဲမရှိ

ဇန်နဝါရီ ၂၀ ရက် **(ယနေ့)** တွင် ပွဲမရှိဘဲ ဇန်နဝါရီ ၂၁ ရက် **(နက်ဖြန်)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကမ္ဘောဇအသင်းနှင့် မြန်မာ့မီးရထားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ။

**(မြန်မာ့အလင်း)**

● *ကျောဖုံးမှ*

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ ကွင်းအမှတ်(၈၄၈)၊ ဦးပိုင်အမှတ်(၄၂/၁)ရှိ လယ်သမားကြီး ဦးမြင့်သောင်း၏ အောင်မြင်ဖြစ်ထွန်းနေသော ဆင်းရွှေကြာ(၂) နေကြာသီးသန့်တစ်ဧကစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ခင်းကျင်းပြသထားသည့် ရေဆင်း(၉)နှင့် ရေဆင်း(၁) ပဲတီရွှေဝါမျိုး အပါအဝင် ပဲတီစိမ်းမျိုးများ တီကောင်စွန့်ပစ်သြဂဲနစ် မြေဆွေးများနှင့် မွေးမြူထားသော မြန်မာ၊ ဥရောပ၊ အာဖရိကနှင့် အိန္ဒိယ တီကောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများအား ပဲတီစိမ်း မျိုးကောင်းမျိုးသန့်များကို ပိုမိုတိုးချဲ့ ဖြန့်ဖြူးပေးရေး၊ တီကောင်စွန့်ပစ် သြဂဲနစ်မြေဆွေး အသုံးချမှုနည်းပညာများကို တွင်ကျယ်စွာ အသုံးချနိုင်ရေးအတွက် ပညာပေးဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

### မှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ သုံးခွမြို့နယ် ပတုတ်ကျေးရွာသို့ သွားရောက်၍ ကွင်းအမှတ် (၈၃၂)၊ ဦးပိုင်အမှတ် (၈၈/၁)ရှိ လယ်သမားကြီး ဦးတင်ကြီး၏ အောင်မြင်ဖြစ်ထွန်းနေသော ဆင်းရွှေကြာ(၂) နေကြာသီးသန့် တစ်ဧကစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ဒိုချက်ကင်မှို၊ ဝါးရုံမြေဖွဲ့နုတို့ဖြင့် ဒိုချက်ကင် (ဝါးရုံမြေ) သဘာဝမြေသြဇာ ပြုလုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

### စိုက်ပျိုး

ရန်ကုန် တောင်ပိုင်းခရိုင်တွင် နေကြာ၂၈၀၁ဧက၊ ပဲတီစိမ်း ၃၄၃၉၃၉ ဧက စိုက်ပျိုးထားပြီး နှမ်းစပါးလျှာထား ဧက ၇၉၀၀၀ အနက် ဧက ၄၂၀၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ၌ ကျင်းပသည့် သာသနဇောတိက မစိုးရိမ်တိုက်သစ် (မန္တလေးမစိုးရိမ်တိုက်သစ်ခွဲ) စာသင်တိုက်ဖွင့်ပွဲ သာသနိကအဆောက်အအုံများ ရေစက်ချလှူဒါန်းပွဲနှင့် မဟာဝိဇယစေတီတော်နှင့် ကျောင်းတော်ကြီးဘုံဆောင် ထီးတော်တင်လှူပွဲ အခမ်းအနားတို့သို့ တက်ရောက်ကြည်ညိုသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ သာသနဇောတိက မစိုးရိမ်တိုက်သစ် (မန္တလေးမစိုးရိမ်တိုက်သစ်ခွဲ)စာသင်တိုက်ကို တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက မစိုးရိမ်တိုက်သစ် မင်္ဂလာမှန်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက် သာသနိကအဆောက်အအုံများ ရေစက်ချလှူဒါန်းပွဲကို အဆိုပါ မစိုးရိမ်တိုက်သစ်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ မစိုးရိမ်တိုက်သစ်ကြီးများ၏ မဟာနာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ သကျသီဟ ဓမ္မာစရိယ ဘဒ္ဒန္တရာဇဓမ္မာ ဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ရွတ်ပွား သရဇ္ဈာယ်တော်မူကြသော ပရိတ်တရားတော်များကို နာယူကြကာ စိန်ဖူးတော်၊ ထီးတော်၊ ပရိတ်ရေ၊ ပရိတ်သဲများနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

### မိန့်ကြား

ဆက်လက်၍ စာသင်တိုက် ငွေပဒေသာပင်အတွက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဇနီးဒေါ်မြင့်မြင့်အေးမိသားစုတို့က ငွေကျပ်သိန်း ၅၀ အပါအဝင် အလှူရှင်များက အလှူငွေစုစုပေါင်း ငွေကျပ် ၂၁၂၅၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် သာသနဇောတိက မစိုးရိမ်တိုက်သစ် မဟာနာယက မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဒုတိယ မဟာနာယက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကေသရာဘိဝံသက စာသင်တိုက် တည်ထောင်ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ မိန့်ကြားတော်မူသည်။

### လျှောက်ထား

ဆက်လက်၍ စေတီတော် အလှူရှင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက သာသနိက အဆောက်အအုံများ တည်ဆောက်ရခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း လျှောက်ထားကြသည်။

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ သာသနဇောတိက မစိုးရိမ်တိုက်သစ် စာသင်တိုက် ငွေပဒေသာပင်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဇနီးတို့က အလှူငွေကျပ် သိန်း ၅၀ ပေးအပ်လှူဒါန်းစဉ်။**
(သတင်းစဉ်)

### ရေစက်သွန်းချ

ယင်းနောက် မစိုးရိမ်တိုက်သစ်ကြီးများ၏ မဟာနာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ သကျသီဟ ဓမ္မာစရိယ ဘဒ္ဒန္တရာဇဓမ္မာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဧည့်ပရိသတ်တို့က သာဓုအနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

### ပင့်ဆောင်ပူဇော်

ထို့နောက် မဟာဝိဇယစေတီတော်နှင့် ကျောင်းတော်ကြီး ဘုံဆောင်ထီးတော်တင်လှူပွဲကို ကျင်းပရာ ရှေးဦးစွာ စိန်ဖူးတော်၊ ထီးတော်နှင့် ငှက်မြတ်နားတော်တို့ကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးများနှင့် ဒုတိယမြို့တော်ဝန်တို့ အမှူးပြု၍ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ဘုံအဆင့်ဆင့်သို့ ပင့်ဆောင်ပူဇော်မည့် ပန်းရထားသို့ ပင့်ဆောင်ပူဇော်ကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကာ မဟာဝိဇယစေတီတော်နှင့် ကျောင်းတော်ကြီးဘုံဆောင်ရှိ ဘုံအဆင့်ဆင့်တို့သို့ ပန်းရထားဖြင့် ပင့်ဆောင်တင်လှူကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လောင်းလှူကြသည်။

**(သတင်းစဉ်)**

## မြန်မာ့အလင်း မှုခင်းဖြစ်ရပ်

## တောင်ကုတ်၌ ယာဉ်တိမ်းမှောက် တစ်ဦးသေဆုံး၊ ၁၆ဦးဒဏ်ရာရရှိ

ရန်ကုန် ဇန်နဝါရီ ၁၉

**ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် အမ်း-တောင်ကုတ်ကားလမ်းတွင် ဇန်နဝါရီ ၁၄ရက် နံနက်၈နာရီခန့်က ယာဉ်မောင်း ငတိုး မောင်းနှင်သည့် အမ်း-တောင်ကုတ် ကားလိုင်းမှ ဘီအမ်ဟီးနိုးအမျိုးအစား ယာဉ်အမှတ် ည/၁၇၆၀သည် အောင်မင်္ဂလာကျေးရွာ တံတားအရောက်တွင် တံတားကြမ်းခင်းကျိုး၍ တိမ်းမှောက်ခဲ့သည်။ ယင်းကဲ့သို့တိမ်းမှောက်ရာ ခရီးသည် ၁၆ဦးဒဏ်ရာရရှိပြီး တောင်ကုတ်မြို့ ဂူတာရပ်ကွက်နေ ဦးတင်မြင့် (၄၅)နှစ် (ဘ)ဦးမှတ်ကြီးမှာ နေရာတွင်ပင် သေဆုံးခဲ့သည်။ ဒဏ်ရာရရှိသည့် ခရီးသည်များအား တောင်ကုတ်ဆေးရုံသို့ တင်ပို့ကုသပေးလျက်ရှိပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ တောင်ကုတ်မြို့နယ် လမှူးရဲစခန်းက ပုဒ်မ၃၀၄(က)အရ အမှုဖွင့်၍ ထွက်ပြေးတိမ်းရှောင်သွားသည့် ယာဉ်မောင်းအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။**

## အင်တော‌မြို့နယ်၌ လိုင်စင်မဲ့ဆိုင်ကယ်သုံးစီးဖမ်းမိ

ရန်ကုန် ဇန်နဝါရီ ၁၉

**ရှမ်းပြည်နယ်(တောင်ပိုင်း) အင်တောမြို့နယ်ရှိ ၁၈မိုင်ရဲကင်းတွင် ဇန်နဝါရီ ၁၄ရက် နံနက်၉နာရီ ၁၅မိနစ်ခန့်တွင် အင်တောရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ စောင့်ဆိုင်းနေစဉ် ရပ်စောက်မြို့ မြို့ကုန်းရပ်နေသူများ ဖြစ်ကြသည့် ကျော်စိုးမိုး (၂၅)နှစ် (ဘ)ဦးမြသွင်ပါ သုံးဦးစီးလာသည့် တရုတ်နိုင်ငံလုပ် ကင်ဘို-၁၂၅ အမျိုးအစား အနက်ရောင်ဆိုင်ကယ်တစ်စီး၊ အမ်ဘို-၁၂၅အမျိုးအစား အနက်ရောင်ဆိုင်ကယ်တစ်စီး၊ ဂျဲလ်မက်-၁၂၅ အမျိုးအစား အနက်ရောင် ဆိုင်ကယ်တစ်စီးတို့ကို ရပ်တန့်စစ်ဆေးခဲ့သည်။ ယင်းဆိုင်ကယ်များမှာ လိုင်စင်မဲ့ဆိုင်ကယ်များဖြစ်ပြီး ကျော်စိုးမိုးပါ သုံးဦး အပေါ် အင်တောရဲစခန်းက သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ၅(၁)အရ အမှုဖွင့်အရေးယူ စုံစမ်းနေသည်။**

(သတင်းစဉ်)

## ယာဉ်တိုက်မှုဖြစ်ပြီး ထွက်ပြေးတိမ်းရှောင်သူ ၄နာရီအတွင်း ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၁၉

**ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းနှင့် ရတနာလမ်း တောင်ဥက္ကလာပမြို့နယ် ၁၆ကွေ့လမ်းဆုံ (၁၆/၂)ရပ်ကွက်ဘက်ခြမ်း မီးပွိုင့်ထိပ်၌ ဇန်နဝါရီ ၁၆ရက် နံနက် ၆နာရီ၁၀မိနစ်ခန့်တွင် လမ်းဖြတ်ကူးသူ အမျိုးသမီးကြီးတစ်ဦး ယာဉ်တိုက်မှုကြောင့် သေဆုံးခဲ့သည်။**

**ဖြစ်စဉ်မှာ ယာဉ်အမှတ် ဈ/၃၀၃၈ တီအီးအစိမ်းရောင် သစ်လုပ်ငန်း ကြို/ပို့ယာဉ်မောင်း ဦးဆန်းဝင်း (၄၇) နှစ် (ဘ)ဦးပေါက်စီသည် ဗိုလ်တထောင်မြို့နယ် နေအိမ်မှ ကြို/ပို့ ယာဉ်မောင်းနှင်လာစဉ် လမ်းဖြတ်ကူးသူ ဒေါ်သောင်းတင် (၆၂)နှစ်အား မော်တော်ယာဉ် ယာဘက်နှင့် တိုက်မိစဉ် ကတ္တရာလမ်းမျက်နှာပြင်နှင့် ရိုက်မိ၍ သေဆုံးခဲ့ခြင်းဖြစ်သည်။**

**ယင်း ယာဉ်တိုက်မှုဖြစ်စဉ် ထွက်ပြေးတိမ်းရှောင်သွားသော ယာဉ်မောင်းသူအား နယ်မြေ(၄)ယာဉ်မှုစစ်အဖွဲ့က ၄နာရီအတွင်း စုံစမ်းဖော်ထုတ် ဖမ်းဆီးပြီး ယင်းအမှုကို ယာဉ်မှုစစ် ရဲစခန်း(ပ) ၄၃/၀၈ ပြစ်မှုပုဒ်မ၃၀၄-က/၂၀၂အရ အမှုဖွင့်အရေးယူထားသည်။** (၁၂၁)

## မြန်မာ့ရုပ်မြင်သံကြား

**၂၀-၁-၂၀၀၈ ရက် (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓ‌ေ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၁၀ ၆။ အတီးပြိုင်ပွဲ
၈:၂၀ ၇။ စစ်ကိုင်းတိုင်း ပုထိုးလုံးတံတား
၈:၃၀ ၈။ International News
၈:၄၅ ၉။ Say it in English

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂:၀၀ ၅။ မြန်မာဗီဒီယိုဇာတ်လမ်း **အိပ်မက်ကလေးနှစ်ခု မက်နေတယ်** ဝေဠုကျော်၊ ကြည်လဲ့လဲ့ဦး (ဒါရိုက်တာ-ကျော်ဇောလင်း)
၁၃:၀၀ ၆။ တောင်သူအများစိုက် အားထားငွေချည်(၆)၏ အပြုံးမျက်နှာများ (ကျောက်ဆည်စဉ့်ကိုင်)
၁၃:၁၀ ၇။ အတီးပြိုင်ပွဲ
၁၃:၂၅ ၈။ **သတိနဲ့ယှဉ် အသိနဲ့ပြင်** (အပိုင်း-၂) ဝါးခယ်မရဲမောင်၊ ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ပိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ-မင်းအုပ်စိုး)
၁၄:၂၅ ၉။ ကျေးပင်အက်ရေလှောင်တမံ
၁၄:၄၅ ၁၀။ International News

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ပထဝီဝင်အထူးပြု) [ပထဝီဝင်]
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၁၅ ၆။ တေးဂီတအစီအစဉ်
၁၇:၂၅ ၇။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀ ၈။ ညနေခင်းသတင်း
၁၈:၂၀ ၉။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၀။ **အသက်ကလေးရယ်တဲ့ ရှည်စေလို** ဦးအောင်လွင်၊ ဦးကြည်စိုး၊ မေထွဋ်ခေါင် (ဒါရိုက်တာ-ကြည်စိုး)
၁၈:၅၀ ၁၁။ တေးဂီတအစီအစဉ်
၁၉:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့အားမာန်** (အပိုင်း-၆)
၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချိုမြိန်သောအချစ်နေ့** (အပိုင်း-၁၄)

**သာကေတမြို့နယ် မြို့နယ်ပညာရေးမှူးဖလား ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဆုပေးပွဲကို ဇန်နဝါရီ ၁၁ရက်က အမက(၃၈) ကျောင်း အားကစားကွင်း၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးတင်ထွန်းက ပထမဆုရ ကျောင်းမိသားစု(၃) အသင်းမှ ကျောင်းစုမှူး ကျောင်းအုပ်ဆရာမကြီး ဒေါ်မွန်ရည်အား ဆုဖလားချီးမြှင့်စဉ်။** (၀၉၈)

**ဇန်နဝါရီ ၁၈ရက်က အလုံမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ အကြိုအခြေခံမီးသတ်သင်တန်းဆင်းပွဲနှင့် ဝတ်စုံပေးအပ်ပွဲကို အထက(၃) အလုံ ကျောင်းဝင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားစဉ်။** (က-ပ)

# ကုန်းမြင့်လယ်ယာများ တိုးချဲ့လုပ်ကိုင် စိုက်ပျိုး နွားနောက်ကို ပြည်ပတင်ပို့နိုင်သည်အထိ မွေးမြူ

နေပြည်တော် ဇန်နဝါရီ ၁၉

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာရာ နံနက် ၈ နာရီခွဲတွင် ပျော်ဘွယ်၊ နတ်မောက် မိုင်တိုင်အမှတ်(၃၇/၀)သို့ ရောက်ရှိပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။**

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ရေးလုပ်ငန်း မကွေးခရိုင်မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော နတ်မောက်-ရွာတော်လမ်းအူကြောင်း ရှာဖွေ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

**စနစ်တကျ**

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် ပျော်ဘွယ်-နတ်မောက် ကားလမ်းတစ်လျှောက် ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် လမ်းပြုပြင် ထိန်းသိမ်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နတ်မောက်မြို့နယ် ရွာမွန်ရှိ လမ်းပြုပြင်ထိန်းသိမ်းရေး ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး တာဝန်ရှိသူများအား ဗိုလ်ချုပ်ခင်ဇော်က ကားလမ်းဖောက်လုပ်ရာတွင် လမ်းသားအကျယ် မှန်ကန်ရေး၊ တံတားများ၌ ကမ်းကပ်ခုံ ရေရှည် ခိုင်ခံ့အောင် စနစ်တကျ တည်ဆောက်ရေး၊ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်း ပြည့်မီအောင် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ဆိပ်ဖြူမြို့နယ် တံခွန်(ချောင်းရှည်) ရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိကြပြီး စက်ယန္တရားကြီးများဖြင့် တံခွန်(ချောင်းရှည်)ရေလှောင်တမံ မြေဖို့နေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး ဗိုလ်ချုပ်ခင်ဇော်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် ဆိပ်ဖြူ-ဆော-ကန်ပက်လက်လမ်း မိုင်တိုင် ၁၈၆ မိုင် ၅ ဖာလုံသို့ ရောက်ရှိကြပြီး ပုသိမ်-မုံရွာ လမ်း(ကဇွန်းမ-မုံရွာ လမ်းအပိုင်း) ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမကွေးတိုင်းအင်ဂျင်နီယာမှူးကြီး ဦးအောင်ကျော်မြင့်က လမ်းသစ်ဖောက်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် ပုသိမ်-မုံရွာလမ်း ကဇွန်းမမှ ဝက်ခုတ်အထိ ဖောက်လုပ်ပြီး တစ်ကြောင်းထိုးလမ်းအား ပေ ၄၀ အကျယ်လမ်းအဖြစ် စက်ယန္တရားကြီးဖြင့် ဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် ပခုက္ကူခရိုင် ဆောမြို့သို့ ရောက်ရှိကြရာ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

**တိုးချဲ့လုပ်ကိုင်**

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ကန်ပက်လက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေး ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး ဗိုလ်ချုပ်ခင်ဇော်က ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဟု ခေါ်ဆိုနိုင်အောင် ဆက်လက်တိုးချဲ့ စိုက်ပျိုးသွားရန်နှင့် ထောပတ်သီး၊ ဖျုံနှင့် ဝဥတို့ကို စိုက်ပျိုးကြရန်၊ ဒေသဆန်ဖူလုံမှုရှိစေရေးအတွက် ရေတော်မိုးတော်စပါးနှင့် နွေစပါးတို့ကို လျာထားချက်ပြည့်မီစေရန်နှင့် ကုန်းမြင့်လယ်ယာများကိုလည်း တိုးချဲ့စိုက်ပျိုးကြရန်၊ နွားနောက်ကို ကောင်ရေငါးသောင်းမှ တစ်သိန်းအထိ တိုးချဲ့မွေးမြူပြီး ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးစားဆောင်ရွက်သွားကြရန်၊ ချင်းပြည်နယ်သည် ရေမြေကောင်းမွန်သည့်ဒေသဖြစ်၍ မိုးရေချိန် အပြည့်အဝရရှိသည့်အတွက် ကုန်းမြင့်လယ်ယာများ တိုးချဲ့လုပ်ကိုင်စိုက်ပျိုးကြရန် မှာကြားသည်။

**(သတင်းစဉ်)**

## မိုးကုတ်ဝိပဿနာ ငါးရက်တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၉

**ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်တရားနှင့်သစ္စာလေးပါး တရားတော်မြတ်ကို ဇန်နဝါရီ၂၁၊ ၂၂ရက်နှင့် ၂၃ရက်များတွင် ဆရာတော်ဘဒ္ဒန္တဉာဏောဘာသက လည်းကောင်း၊ ဇန်နဝါရီ ၂၄၊၂၅ရက်တွင် အရှင်စန္ဒဝံသ (ဝန်းသို)ကလည်းကောင်း ညစဉ် ၇နာရီမှ ၉နာရီအထိ သဃ်န်းကျွန်းမြို့နယ် ရန်မျိုးအောင်ဘုရားအနီး စံပြရပ်ကွက် စံပြ ၅လမ်း အာစရဝံသကျောင်းတိုက်၌ ဟောကြား ပြသမည်ဖြစ်ကြောင်း သိရသည်။** (က-ပ)

**လမ်းမတော်မြို့နယ် ကိုင်းတန်းလမ်း အမှတ် ၅၄နေ ဒေါ်ခင်ချိုဦး မိသားစုက မိခင်ကြီးဒေါ်ကြည်၏ (၈၂)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား အုပ်ချုပ်ရေးမှူး ဦးပြုံးက လက်ခံယူစဉ်။** (က-ပ)

# လမ်းများ စံချိန်စံညွှန်းပြည့်မီရေး ဆောင်ရွက် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး အလေးထား

နေပြည်တော် ဇန်နဝါရီ ၁၉

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၆ရက်နံနက်ပိုင်းက ပဲခူးတိုင်းအတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ မြို့ပြနှင့် ကျေးလက်လမ်းတံတားများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ကညွတ်ကွင်းမြို့သို့ ရောက်ရှိလာရာ ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းက ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်လျက်ရှိသော မြို့တွင်းလမ်းများ ကတ္တရာခင်းခြင်းလုပ်ငန်း ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

ထို့နောက်ညွှန်ကြားရေးမှူးချုပ်သည် ကညွတ်ကွင်းမြို့ စက်တောင်လမ်း အမှတ် ၅လမ်းနှင့် ရွာမ ၁ လမ်း ကတ္တရာခင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော အမှတ် ၁ လမ်းနှင့် အမှတ် ၁၁ လမ်း ကတ္တရာခင်း လမ်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းစံချိန်စံညွှန်းပြည့်မီရေး အလေအလွင့်နည်းပါးရေးနှင့် လမ်းပခုံးသားများ လိုက်လျောညီထွေဖြစ်စေရေး၊ လမ်းဘေးရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

**ဆောင်ရွက်သွားမည်**

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာလမ်း ၁၇ လမ်းနှင့် ကျောက်ချောလမ်းနှစ်လမ်း ခင်းသွားမည်ဖြစ်ပြီး မြို့ပြနှင့် ကျေးလက်လမ်း စုစုပေါင်း ငါးမိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကင်မရာဈေးရောင်းပွဲတော် ဘလေဇွန်၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

**Blazon Department Store က ကြီးမှူးကျင်းပသော Digital Vision 2008 ကင်မရာဈေးရောင်းပွဲတော်ဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ဦးဝိစာရလမ်းနှင့် ချင်းတွင်းလမ်းထောင့်ရှိ Blazon Department Store ၌ ကျင်းပသည်။** (အောက်ပုံ)

**ရောင်းချပေး**

Digital Vision 2008 ကင်မရာ ဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၁၈ ရက်မှ ၂၇ရက်အထိ နေ့စဉ် နံနက် ၉နာရီခွဲမှ ည ၈နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်ပြီး ယင်းပွဲတော်တွင် Canon,Nikon, Sony နှင့် Panasonic အမျိုးအစား ဒီဂျစ်တယ် ကင်မရာများကို Authorized Dealer များက ရောင်းချသွားမည်ဖြစ်သည်။ ဒီဂျစ်တယ်ကင်မရာဝယ်လိုသူများအတွက် Quality Branded ပစ္စည်းများကို တစ်နေရာတည်းတွင် အသင့်လျော်ဆုံးဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်မည့် အခွင့်အရေးတစ်ခုဖြစ်သည်။ ထို့ပြင် Blazon Department Store တွင် iPod အမျိုးမျိုးလည်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဆားဘီးယားဇိသုကာအလှတွေကို ဖော်ကျူးထားသည့် ပန်းချီဆေးစက်ကျရာ မြို့ပြနှင့် ကြယ်တာရာများ ပန်းချီပြပွဲ

အနုပညာသတင်း-မိုးမြင့်လင်းလက် ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) စာမျက်နှာပွဲစည်းမှု-ထိန်လင်း

ရန်ကုန် ဇန်နဝါရီ ၁၉

**ဒီနေ့ ကမ္ဘာ့နိုင်ငံတွေမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ယဉ်ကျေးမှုအနုပညာတွေ အပြန်အလှန် စီးဆင်းမှုရှိလာခဲ့တာမို့ နိုင်ငံတကာက ပန်းချီလက်ရာတွေကို ကိုယ့်နိုင်ငံအတွင်းမှာပဲ လေ့လာခံစားလို့ ရနေပြီဖြစ်ပါတယ်။**

ဒီလို နိုင်ငံတကာပန်းချီလက်ရာတွေကို ခံစားလို့ရအောင် ဆားဘီးယားသံရုံးက စီစဉ်ကျင်းပတဲ့ **"ပန်းချီဆေးစက်ကျရာ မြို့ပြနှင့် ကြယ်တာရာများ"**လို့ အမည်ပေးထားတဲ့ ပန်းချီပြပွဲတစ်ရပ်ကို ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အင်းလျားမြိုင်လမ်းမှာရှိတဲ့ ဟသ်ာပန်းချီပြခန်းမှာ ဇန်နဝါရီ ၁၈ရက်မှ ၂၅ရက်အထိ ခင်းကျင်းပြသနေပြီ ဖြစ်ပါတယ်။

ဆားဘီးယားပန်းချီဆရာမ စတိုဂျာနိုဗစ်ရဲ့ မြန်မာနိုင်ငံမှာ (၆)ကြိမ်မြောက် ခင်းကျင်းပြသတဲ့ ပန်းချီပြပွဲဖြစ်ပြီး စုစုပေါင်း ပန်းချီကား ၆၁ကား ပါဝင်ပြသထားပါတယ်။ ပန်းချီကားတွေမှာ အကြီးဆုံးက ၁၈လက်မ X၂၄ လက်မ အရွယ်ရှိပြီး အသေးဆုံးက ၃လက်မ X ၃လက်မအရွယ် ပန်းချီကား ဖြစ်ပါတယ်။

ထူးခြားသည့် မြို့ပြအဆောက်အအုံပုံရိပ်များကို ဖော်ကျူးထားသော ပန်းချီကား။

ရှေးခေတ် ဗိသုကာလက်ရာတွေကို ဖော်ညွှန်းထားသည့် ပန်းချီကား။

ရေးဆွဲထားတာမို့ ပန်းချီကားရဲ့ ဗိသုကာအလှကို ဖော်ပြနေပါတယ်။

**အငွေ့အသက်**

ဆားဘီးယားပန်းချီဆရာမ စတိုဂျာနိုဗစ်ရဲ့ အတွေးအခေါ်တွေကို ဖော်ပြထားတဲ့ ဒီပန်းချီပြပွဲဟာ ဆားဘီးယားအငွေ့အသက်တွေ လွှမ်းထုံနေတာမို့ ထူးခြားတဲ့ပန်းချီပြပွဲတစ်ခုဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါတယ်။ ။

**(မြန်မာ့အလင်း)**

## ဒီနေ့ ကမ္ဘာ့နိုင်ငံတွေမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ယဉ်ကျေးမှုအနုပညာတွေ အပြန်အလှန် စီးဆင်းမှု ရှိလာခဲ့တာမို့ နိုင်ငံတကာက ပန်းချီလက်ရာတွေကို ကိုယ့်နိုင်ငံအတွင်းမှာပဲ လေ့လာခံစားလို့ ရနေပြီ။

အမည်သတ်မှတ်ပေးထားခြင်းမရှိတဲ့ ပန်းချီကား အများစုဟာ ဆားဘီးယားနိုင်ငံ မြို့ပြအဆောက်အအုံတွေရဲ့ ဗိသုကာအလှတွေကို ဖော်ပြထားတဲ့ပုံတွေ ဖြစ်ပါတယ်။

အဲဒီ ပန်းချီကားတွေထဲမှာ ၁၉၉၇ခုနှစ်က ရေးဆွဲထားတဲ့ ပန်းချီဆရာမ စတိုဂျာနိုဗစ်ရဲ့ အဆောက်အအုံပန်းချီကားဟာ ပုံသဏ္ဍာန်တူ ဗိသုကာလက်ရာတွေကို စုပေါင်းထားတဲ့ ပန်းချီလက်ရာဖြစ်ပြီး လိမ္မော်၊ အဖြူနဲ့ အနက်ရောင် အားတွေယူပြီး ရေးဆွဲထားတဲ့ ပန်းချီကားဖြစ်ပါတယ်။ ဒီပန်းချီကားမှာ တိကျတဲ့ ဗိသုကာဆိုင်ရာ စုစည်းပုံဖော်မှုတွေကိုလဲ မြင်တွေ့ရပါတယ်။

**ထူးခြားပုံရိပ်**

နောက်ထပ် ပန်းချီတစ်ခုကတော့ ၁၉၈၉ခုနှစ်မှာ ပန်းချီဆရာမ စတိုဂျာနိုဗစ် ရေးဆွဲထားတဲ့ မြို့ပြအဆောက်အအုံ ပန်းချီကား ဖြစ်ပါတယ်။ ဒီပန်းချီကားမှာ ထုထည်ခိုင်မာတဲ့ မြို့ပြအဆောက်အအုံရဲ့ ထူးခြားတဲ့ပုံရိပ်တွေကို မြင်တွေ့ရပါတယ်။ ကြီးမားတဲ့ ဖွဲ့စည်းမှုပုံစံနဲ့ သေးငယ်တဲ့ ပုံစံနှစ်မျိုးစလုံးကို အမြင်ရှင်းအောင် ရေးဆွဲထားတာပါ။ ပုံစံငယ်သဘောမျိုးတွေကို ဒီပန်းချီကားမှာ ဦးစားပေးရေးထားတာမို့ အမြင်ရှင်းပြီး ပန်းချီဆရာမ ဆိုလိုရင်းကို ပေါ်လွင်စေပါတယ်။

**ဗိသုကာအလှ**

နောက်ပန်းချီကား တစ်ခုကတော့ ဂရပ်ဖစ်နည်းပညာကို အသုံးပြုပြီး ဆန်းသစ်တဲ့ စက္ကူအာရုံကို ပေါင်းစပ်ရေးဆွဲထားတဲ့ ပန်းချီကားပါ။ မျဉ်းဖြောင့်၊ မျဉ်းကွေးတွေရဲ့ အားကိုယူပြီး



မျဉ်းဖြောင့်၊ မျဉ်းကွေးအားကိုယူပြီး ရေးဆွဲထားသည့် ပန်းချီကား။

# မြစ်ကြီးနားမြို့ ဒူဝါလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်

မြစ်ကြီးနား ဇန်နဝါရီ ၁၂

**နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြစ်ကြီးနားမြို့ ဒူကယောင်ရပ်ကွက် ဒူဝါလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၄ရက်က အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် တက်ရောက်အားပေးချီးမြှင့်သည်။**

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် မြစ်ကြီးနား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးက ဒူဝါလမ်းဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင် အင်ဂျင်နီယာမှူး ဦးသိန်းမြင့်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

**အကုန်အကျခံဆောင်ရွက်**

အဆိုပါလမ်းမှာ အရှည် ၈၇၅ ပေ၊ အကျယ် ၁၂ ပေရှိပြီး စုစုပေါင်း တန်ဖိုးငွေကျပ် ၆၆၁၁၀၀၀ အကုန်အကျခံကာ ကတ္တရာထပ်ပိုးလွှာခင်းခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

**ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကံဘဲ့ ဘုတာရုံလမ်း ပဥ္စနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်ရှိ ရန်ကုန်နိကာယ်သာသနာတော် ထွန်းကားရေး အသင်း၏ ထာဝရ ငွေရတု ပဒေသာပင်အတွက်တရုတ်(တိုင်ပေ)ရှိ ဦးဝီးကြည်၊ ဒေါ်လီလီ၊ ဒေါက်တာဟွန်ကြည့်ရဲ့တို့က ဒေါ်မြငြိမ် (တိုင်ပေရွှေဆိုင်-ယုဇနပလာဇာ)မှတစ်ဆင့် အလှူငွေကျပ်သုံးသိန်းကို အသင်းဥက္ကဋ္ဌ ဦးသောင်းလွင်နှင့် အမှုဆောင်အဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# ဖျာပုံမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၉**

ဖျာပုံမြို့နယ်အသင်း (ရန်ကုန်)၏ (၄၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၇ရက် (တနင်္ဂနွေနေ့) နံနက်ရနာရီခွဲတွင် ဗဟန်းမြို့နယ် ကြားတောရလမ်း ဧရာဝတီတိုင်းခမ်းမှာရုံ၌ ကျင်းပမည်ဖြစ်သည်။ ပါရဂူဘွဲ့ ရရှိသူများနှင့် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်သော ရန်ကုန်မှ အသင်းဝင်များ၏ သားသမီးများ အမည်စာရင်းကို အထောက်အထားများနှင့်တကွ ဇန်နဝါရီ ၂၃ရက် နောက်ဆုံးထားပြီး ရဲသူရသန်းလှိုင် ဖုန်း- ၃၇၉၂၃၁၊ ဦးခင်ဦး ဖုန်း-၅၁၄၈၇၉၊ ဦးကျော်ဆန်းနိုင် ဖုန်း-၀၉-၅၀-၂၆၈၃၃၊ ဦးတင်ခိုင် ဖုန်း-၃၈၅၉၃၀ တို့သို့ ဆက်သွယ်ပေးပို့ကြပါရန်နှင့် ရန်ကုန်ရောက် ဖျာပုံမြို့နယ်သူ မြို့နယ်သားများ (အသင်းဝင်ပြီးသူဖြစ်စေ၊ မဝင်ရသေးသူဖြစ်စေ) အစည်းအဝေးတက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

**(က-ပ)**

## ပေးအပ်လှူဒါန်း

**ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းနေ ဦးညိန်း-ဒေါ်ခင်ကြိုင် မိသားစုတို့က ငွေပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် ခုနစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## ဓမ္မပီတိတရား အလှူတော်ဌာန အထူးတရားပွဲ

**ရန်ကုန် ဇန်နဝါရီ ၁၉**

ဓမ္မပီတိတရားအလှူတော်ဌာန (၄)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဓမ္မပူဇာတရားပွဲကို မင်္ဂလာဈေး ဓမ္မာရုံတော်ကြီး ကြားတောရလမ်း ရွှေတိဂုံစေတီတော်အရှေ့မုခ်အနီးတွင် ဇန်နဝါရီ ၂၃ ရက် ညနေ ၆နာရီတွင် ဆရာတော် အရှင်ဆေကိန္ဒ(ဓမ္မဒူတ)၊ ၂၄ရက် ည ၇ နာရီတွင် ဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ (ကျောက်တစ်လုံးဆရာတော်)၊ ၂၅ရက် ည ၇နာရီတွင် ဓမ္မဘေရီအရှင်ဝီရိယ (တောင်စွန်း)တို့က တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးမည်ဖြစ်သည်။ (၁၂၅)

## ကာရီတာတမံဆယ်ရန် ငွေလှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် စနဲအပိုင် ရေမျက်ကျေးရွာ အုပ်စု တောင်ငူရွာတွင် ကာရီတာတမံဆယ်ရန်အတွက် ဦးဘခင်-ဒေါ်ငွေသိန်း (ရွှေပန်းထိမ် မိသားစု) ၂၉လမ်း ရန်ကုန်က ငွေကျပ်၁၀သိန်းကို တောင်ငူရွာသို့ လှူဒါန်းခဲ့ကြောင်းသိရသည်။ (က-ပ)


## မွေးနေ့ဆုတောင်း

ချစ်ဇနီးဖြူ၏ ၂၀-၁-၂၀၀၈ရက်တွင်ကျရောက်သည့်မွေးနေ့မှသည် နှောင်နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာဖြင့် အောင်မြင်သောဘဝခရီးကို ချစ်သောမိသားစုနှင့်အတူတကွ လျှောက်လှမ်းနိုင်ပါစေ။

**ချစ်ခင်ပွန်း ကိုကြီး။**

ဖိုးသားအား တတ်သိလိမ္မာအောင် ပြုစုပျိုးထောင်ပေး၍ မိသားစုအပေါ် နားလည်ပေးတတ်သော ချစ်မေမေ၏ ၂၀-၁-၂၀၀၈ရက်တွင် ကျရောက်သော မွေးနေ့မှသည် နှစ်ပေါင်းရာကျော်တိုင် မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့၍ အောင်မြင်သောဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

**အချစ်ဆုံး တစ်ဦးတည်းသောသား ဖိုးသား။**

အနှိုင်းမဲ့မေတ္တာများဖြင့် အမိရင်းပမာကျွေးမွေးစောင့်ရှောက်ခဲ့သော အချစ်ရဆုံး မာမေး၏ ၂၀-၁-၂၀၀၈ရက်တွင်ကျရောက်သောမွေးနေ့မှသည် နှောင်မွေးနေ့ပေါင်းရာကျော်တိုင် မာမေးချစ်သောမိသားစုနှင့်အတူ ထာဝရပျော်ရွှင်စွာဖြတ်သန်းနိုင်ပါစေ။

**ချစ်သော တူ၊ တူမများ။**

**သားသား၊ မီးမီး၊ ငြိမ်းချမ်း၊ မွှေးမွှေး။**

MRTV-4 ဦလက်တွေ့ထုတ်လွှင့်ပြသနေသောဆရာကိုယ်တိုင်သင်ကြားမည်။

အချိုရည်၊ ဂျယ်လီနှင့်ရေခဲမုန့်၊ အအေးစုံ၊ မုန့်ဖုတ်သင်တန်း

သင်တန်းရက် (1) (24.1.08)မှ(29.1.08) သင်တန်းရက် (2) (26.1.08)မှ (31.1.08)

Master စားသောက်ကုန်သင်တန်းအမှတ်(၁၄၅)၊ ၂၅လမ်း (အလယ်) ရုပ်တိုင်း(မ်)နာရီဆိုင်အပေါ်ထပ်ရန်ကုန်ဖုန်း-09-5134497(သင်တန်းVCDရမည်)

## ပျောက်ဆုံးခြင်း

ကျွန်တော်ဦးခင်လှ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၈၀၈၁၁ ကိုင်ဆောင်သူ ပိုင် ည/၃၆၆၆ မစ်ဆူဘီရှီဂဲလင့်ကားအခွန်ကျေ စာရွက်စိမ်း အမှတ်(၁) ပျောက်ဆုံးသွားပါသဖြင့်ကောက်ရပါက ပြန်လည်ပေးပို့ပါရန်။ **ဖုန်း-၅၄၁၅၄၈။**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

အောင်ပန်းမြို့၊ မြို့ဟောင်းရပ်ကွက်နေ ဦးဇော်မင်းထွန်းနှင့် ဒေါ်သူဇာဝင်းတို့က အောင်ပန်းမြို့၊ မြို့ဟောင်းရပ်ကွက်နေ ဒေါ်မြင့်မြင့်လွင် ၁၃/ကလန(နိုင်)၀၁၇၁၈၈သို့ ၉-၆-၂၀၀၆ရက်စွဲပါ စာချုပ်အမှတ် (၂၀၆/၂၀၀၆)ဖြင့် လွှဲအပ်ထားခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ပြန်လည်ရုပ်သိမ်းပါသည်။ **ဦးဇော်မင်းထွန်း ၁၀/မလမ(နိုင်)၀၄၈၅၃၆**
**ဒေါ်သူဇာဝင်း ၁၃/ကလန(နိုင်)၀၅၂၇၂၁။**

## လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်၂/၂၀၀၈ဖြင့် **စက်မှုထူးချွန်(တတိယဆင့်)**ဆုတံဆိပ်ကို ထိုက်တန်စွာချီးမြှင့်ခံရသော **ဦးကျော်စိုးဝင်း(ကျော်သစ္စာ လယ်ယာသုံးပစ္စည်းမျိုးစုံနှင့်သံနန်းဆွဲစက်မှုလုပ်ငန်း)**အား အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါသည်။

**အစ်မဒေါ်ကျင်မွှား** — **ဦးအောင်ဖြိုး၊ ဒေါ်ခင်ခင်အေး**
**သူနာပြုဆရာမကြီး** — **သမီးလေး အိုက်ချန်(ခ)မြတ်ဆုမွန်ဖြိုး**
**အထွေထွေရောဂါကုဆေးရုံကြီး၊** — **ကျောက်မြောင်း၊ ရန်ကုန်။**
**မအူပင်မြို့။**

## လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

မြဝတီထရေးဒင်း လီမိတက်နှင့် မိတ်ဆွေရင်းပမာ အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော မြန်မာဘရူဝါရီ လီမိတက်သည် နိုင်ငံတကာ အသိအမှတ်ပြု ISO 22000:2005 (အစားအသောက် ဘေးဥပဒ် အန္တရာယ် ကင်းရှင်းရေး စီမံမှုစနစ်)လက်မှတ်ရရှိသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူ ဝမ်းမြောက်အပ်ပါသည်။

**ZAW & ZAW Co., Ltd.**


# ရှန်နေနှင့် ဒိုလေးတို့ဂိုးများဖြင့် မန်ယူဦးဆောင်ဆဲ အာကြီးနှင့် ချယ်လ်ဆီးတို့ နိုင်ပွဲရပြီး တန်းစီဇယားမပြောင်းလဲ

**အားကစားဖောင်ပိတ်သတင်း - မောင်ချစ်ကြည်**

**လန်ဒန် ဇန်နဝါရီ ၁၉**

ပရီမီယာလိဂ်ပွဲစဉ်(၂၃)ကို ဇန်နဝါရီ ၁၉ရက်က ဆက်လက်ကစားရာ ရက်ဒင်းနှင့်မန်ယူတို့ပွဲတွင် မန်ယူက နောက်ကျဂိုးများ ဖြင့် ထိုက်ထိုက်တန်တန် အနိုင်ရရှိခဲ့ပြီး ဖူလ်ဟမ်နှင့် အာဆင်နယ်တို့ပွဲ၌ အာဆင်နယ်က သုံးဂိုးပြတ် အနိုင်ရရှိခဲ့သလို ချယ်လ်ဆီးတို့ကလည်း ဘာမင်ဂမ်ကို ကံကောင်းစွာ အနိုင်ရရှိခဲ့သဖြင့် ပရီမီယာလိဂ်တန်းစီဇယား ထိပ်ပိုင်းသည် အပြောင်းအလဲမရှိဖြစ်နေဆဲပင်ဖြစ်သည်။

**ရက်ဒင်းနှင့် မန်ယူတို့ပွဲ၌ မန်ယူတောင်ပံ တိုက်စစ်မှူး စီရိုနယ်ဒို ထိုးဖောက်ကစားဟန်။** (အင်တာနက်ဓာတ်ပုံ)

### ရက်ဒင်းနှင့် မန်ယူ

အဝေးကွင်း၌ ရက်ဒင်းကို မန်ယူတို့ ခက်ခက်ခဲခဲ ဂိုးသွင်းခဲ့ရသည်။ တီဗက်ဇ်၊ ရှန်နေနှင့် ပတ်ဂျီဆန်တို့ တိုက်စစ်အတွဲနှင့်အတူ ဟားဂရေ့ဗ်၊ စီရိုနယ်ဒိုနှင့် မိုက်ကယ်ကာရစ်တို့က ကွင်းလယ်မှတိုက်စစ်ကို အုပ်စုဖွဲ့ထိုးဖောက်ကစားခဲ့ပြီး ရက်ဒင်းနောက်တန်းကို ကျော်ဖြတ်ကာ ဂိုးသွင်းခွင့်များ အကြိမ်ကြိမ် ရရှိခဲ့သည်။

သို့သော် ရှန်နေ၏ အပိုင်ကန်သွင်းမှု၊ တီဗက်ဇ်နှင့် စီရိုနယ်ဒိုတို့ ကန်ချက်များ မသေချာမှုကြောင့် မန်ယူတို့ ပထမပိုင်းပွဲချိန်အတွင်း ဂိုးမသွင်းယူနိုင်ခဲ့ချေ။ ရက်ဒင်းတို့ကလည်း လီတာ၊ ကစ်ဆင်နှင့် ဒွိုင်လီတို့အားကိုးဖြင့် မန်ယူကို မာမာတင်းတင်း တုံ့ပြန်ကစားခဲ့ရာ တိုက်စစ်မှူး ကစ်ဆင်၏ အပိုင်ကန်သွင်းမှုကို မန်ယူဂိုးသမား ဗန်ဒါးဆား ကာကွယ်နိုင်ခဲ့၍သာ သက်သာခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

### သွင်းယူပေး

မန်ယူက ၄၆ မိနစ်၌ ပတ်ဂျီဆန်အစား ဂစ်၊ မိနစ် ၇၀ ၌ ဟားဂရေ့ဗ်အစား နာနီတို့ကို ထည့်သွင်းကစားခဲ့ရာမှ ၇၇ မိနစ်တွင် ရှန်နေက မန်ယူအတွက် အဖွင့်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ မန်ယူတို့အဖွင့်ဂိုးရရှိပြီး ဆက်တိုက်ဖိကစားခဲ့ရာ ရက်ဒင်းနောက်တန်းကို (၂၄)ကြိမ်ဖြတ်ကျော်ကာ အပိုင်ကန်သွင်းခွင့် ကိုးကြိမ်ရရှိခဲ့ရာမှ ပွဲပြီးလေလွင့်ချိန် နောက်ဆုံးမိနစ်၌ စီရိုနယ်ဒိုက ဂိုးသွင်းယူနိုင်ခဲ့သဖြင့် မန်ယူတို့ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲမကစားမီ ဂိုးသွင်းမည်ဟု နာမည်ကြီးနေသည့် စီရိုနယ်ဒိုလည်း ပွဲပြီးချိန်နောက်ဆုံးစက္ကန့်၌ သူ၏ ၁၇ ဂိုးမြောက်ဂိုးကို မန်ယူအတွက် သွင်းယူပေးနိုင်ခဲ့သည်။

### ဖူလ်ဟမ်နှင့် အာဆင်နယ်

အာကြီးတို့ ဖူလ်ဟမ်ကို လူကုန်ထုတ်ကစားခဲ့သည်။ အဒီဘာယော၊ အီဒူရာဒို၊ ရိုဆစ်စကီး၊ ဟဲလ်ဘ်၊ ဖလာမီနီ၊ ဖာဘရီဂတ်စ် စသည့် အမာခံကစားသမားများ အကုန်ထုတ်သုံးခဲ့ရာ ၁၉ မိနစ်၌ပင် အာဆင်နယ် တိုက်စစ်မှူး အဒီဘာယောက အဖွင့်ဂိုး သွင်းပေးနိုင်ခဲ့သည်။

**ဖူလ်ဟမ်နှင့် အာဆင်နယ်တို့ပွဲ၌ အာဆင်နယ်ကွင်းလယ်ကစားသမား ရိုဆစ်စကီး (ဝဲ) ဤသို့ ထိုးဖောက်ကစားခဲ့သည်။** (အင်တာနက်ဓာတ်ပုံ)

**တောင်ဥက္ကလာပမြို့နယ် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ရက်က ကျင်းပရာ မြို့နယ်အဆင့် အင်္ဂလိပ်စာဘာသာရပ် ထူးချွန်ပထမဆုရ ပဉ္စမတန်း(က)မှ မစုမြတ်လွင်အား ကျောင်းအုပ်ဆရာကြီး ဦးကျော်တင့်က ဆုချီးမြှင့်စဉ်။** (မြန်မာ့အလင်း)

အာဆင်နယ်တို့ ဂိုးဆက်တိုက်သွင်းယူနိုင်ရေး ဖိကစားခဲ့ရာ ဖူလ်ဟမ်ခံစစ်မှူးများ မထိန်းနိုင်ဘဲ ၃၈ မိနစ်၌ အဒီဘာယောကပင် ဒုတိယဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဖူလ်ဟမ်တို့ အပိုင်ကန်သွင်းခွင့် အခွင့်အရေးမရရှိဘဲ ဖြစ်ခဲ့ရာ အာဆင်နယ်အတွက် တတိယဂိုးကို ၈၁ မိနစ်၌ ရိုဆစ်စကီးက သွင်းယူခဲ့သဖြင့် အာကြီးတို့ သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

### ဘာမင်ဂမ်နှင့် ချယ်လ်ဆီး

အနယ်ကာကို တိုက်စစ်မြားဦးထားကာ ရိုက်ဖီးလစ်နှင့် မာလူဒါတို့ဖြင့် အားဖြည့်ပြီး ဗျူဟာအသစ်ခင်းကျင်းခဲ့သော နည်းပြဂရန့်၏ ချယ်လ်ဆီးလည်း ဘာမင်ဂမ်ကို ခြေကုန်ထုတ်ကစားခဲ့ရသည်။

အိုကိုနောနှင့် ဂျီရိုမီတို့ တိုက်စစ်အတွဲဖြင့် ချယ်လ်ဆီးကို ရင်ဆိုင်ခဲ့သော ဘာမင်ဂမ်တို့က ချယ်လ်ဆီးတို့ကစားကွက် တည်မရအောင် ကစားခဲ့သဖြင့် ပီဇာရိုက ၇၉ မိနစ်ရောက်မှသာ ဂိုးသွင်းယူခဲ့၍သာ ချယ်လ်ဆီးတို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

**အခြားပွဲရလဒ်များ**

| | | |
|---|---|---|
| **ဘလက်ဘန်း** | **၁-၁** | **မစ်ဒယ်ဘရော့** |
| **ပို့စ်မောက်** | **၃-၁** | **ဒါဘီ** |
| **စပါး** | **၂-၀** | **ဆန်းဒါးလန်း** |
| **နယူးကာဆယ်** | **၀-၀** | **ဘော်လ်တန်။** |

(အင်တာနက်)

ဒီဇင်ဘာ ၂၅ ရက်က ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ရှိ အေးမြသီတာဥယျာဉ်အတွင်း သာယာလှပရေးနှင့် ပြည်သူများအနားယူ အပန်းဖြေနိုင်ရေး ဆောင်ရွက်မှုကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသိန်းထူး ကွင်းဆင်းစစ်ဆေးရာ ကော့သောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးကြည်နှင့် ခမောက်ကြီးမြို့ တာဝန်ခံ ဦးမိုးဇော်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (တိုင်း စည်ပင်)

## ပန်ချိုးဟိုင်-နောင်ပေါင်းလမ်း ကျောက်ချောလမ်း အဆင့်မြှင့်

**မိုးမောက် ဇန်နဝါရီ ၁၂**

မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ပန်ချိုးဟိုင်-နောင်ပေါင်းလမ်းကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ်မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဦးနူးဆောင်ဦးဆောင်၍ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ အဆင့်မြှင့်တင်၍ခင်းကျင်းဆောင်ရွက်မှုကို ဇန်နဝါရီ ၁ ရက်က မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်ထွေး ကြပ်မတ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အမှတ်(၁) တပ်မတော် သားဖွားမီးယပ်နှင့်ကလေးဆေးရုံ (ခုတင်၃၀၀)တွင် ဆေးရုံတက်ရောက်ကုသလျက်ရှိသော ကလေးလူနာများနှင့် မွေးကင်းစကလေးငယ်များအတွက် Pahtama Group Company Limitedက ငွေကျပ် ၃၆သိန်းတန်ဖိုးရှိ နို့မှုန့်ဘူးတို့ကို အမှတ်(၁) တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ (ခုတင် ၃၀၀) တပ်မှူး ပါမောက္ခ ဗိုလ်မှူးကြီး အုန်းမောင်မောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

**နေပြည်တော်တပ်ကုန်း ဇန်နဝါရီ ၁၉**

## ပေတောကျေးရွာ မူလတန်းကျောင်း၌ စာဖတ်ဝိုင်းဆွေးနွေး

နေပြည်တော်တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ဇန်နဝါရီ ၃ ရက်က ခရမ်းစပ်ကုန်းကျေးရွာအုပ်စု ပေတောကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကျင်းပသည်။

**ဟောပြော**

ဟောပြောပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ထူးက စာကြည့်တိုက်များဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာကြည့်တိုက်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ရပ်သံကျွမ်းကျင်-၃ ဦးသိန်းဌေးက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးငါးချက်နှင့် စာပေရေးရာများကို လည်းကောင်း ဆွေးနွေး ဟောပြောကြသည်။

ဆက်လက်၍ စာဖတ်ဝိုင်းကျင်းပရာ ချစ်နိုင်(စိတ်ပညာ)၏ ခေါင်းဆောင်သူ၏လက္ခဏာများ စာအုပ်မှ အမှောင်ပယ်ခွင်း ပညာအလင်း ဆောင်းပါးကို ဦးခင်မောင်ဌေးကလည်းကောင်း၊ ဒို့ကျေးရွာဂျာနယ် အတွဲ(၄) အမှတ်(၂၄)မှ ဆောင်းပါးရှင် ကေတုနီလာ၏ ပြည်သူတို့နှင့်အတူ နိုင်ငံတော်သစ်တည်ဆောက်အံ့ကို ဦးအောင်ဝင်းကလည်းကောင်း၊ ဇန်နဝါရီ ၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာမှ ဆောင်းပါးရှင် ငါးမင်းဆွေ၏ လွတ်လပ်ရေးကို သက်စွန့်ကြိုးပမ်း ရယူပေးခဲ့ကြသူများ၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပါလျှင် ဆောင်းပါးကို ဦးသိန်းဌေးတို့က လည်းကောင်းဖတ်ကြားဆွေးနွေးကြသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ဦးစီးမှူး ဦးတင်ထူးက ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်တင်ပြပြီး စာဖတ်ဝိုင်းကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**

ဇန်နဝါရီ၁ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁၈)အခြေခံပညာမူလတန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲတွင် သာယာကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မြင့်က အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဆွေက ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

## အထက(၃) သင်္ဃန်းကျွန်း မြတ်ဆရာပူဇော်ပွဲကျင်းပရေး ငွေလှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အထက(၃) ကျောင်းသားကျောင်းသူဟောင်းများကြီးမှူး၍ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၇ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ မြတ်ဆရာပူဇော်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပထမအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီက မြည်းလာခန်းမ၌ ကျင်းပသည်။

**ပြန်လည်ပေးအပ်**

အခမ်းအနားတွင် နာယက ဦးမြင့်စိုးဝင်းနှင့် ဥက္ကဋ္ဌ ဦးခင်မောင်ဌေးတို့က မြတ်ဆရာများအား လှူဒါန်းပူဇော်မှုနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားကြပြီး မြတ်ဆရာပူဇော်ပွဲကျင်းပနိုင်ရေး ကျောင်းသားဟောင်း ဦးမြင့်စိုးဝင်းမိသားစုက အလှူငွေကျပ်၁၁သိန်း**(အပေါ်ဝဲပုံ)**နှင့် အလှူရှင် ကျောင်းသားကျောင်းသူဟောင်း ၂၀တို့က အလှူငွေကျပ် စုစုပေါင်း၃၁သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဌေးနှင့် တာဝန်ရှိသူများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(က-ပ)**

## နေပြည်တော်ပျဉ်းမနား အထက(၂) အာစရိယပူဇော်

**နေပြည်တော်ပျဉ်းမနား ဇန်နဝါရီ ၁၉**

နေပြည်တော်ပျဉ်းမနား အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းစတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၁၃ရက် နံနက်၉နာရီက အဆိုပါအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းလွင်နှင့် ကျောင်းသားကျောင်းသူဟောင်းများက အငြိမ်းစား ဆရာဆရာမကြီးများအား ပူဇော်ကန်တော့ကြပြီး အငြိမ်းစားဆရာကြီး ဦးဝေလွင်နှင့် အငြိမ်းစား ဆရာမကြီး ဒေါ်စန်းစန်းမြင့်တို့က ဆုံးမစကားပြောကြားကြသည်။ **(သတင်းစဉ်)**

## ဆုချီးမြှင့်

ဇန်နဝါရီ ၃ရက်က ကျင်းပသည့် မရမ်းကုန်းမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၈ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ လေးဘာသာဂုဏ်ထူးရှင်မောင်မျိုးမောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးတင်က ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ရွှေရတနာလမ်းနေ ဦးသန်းတင်အောင်(ဗိသုကာ)နှင့် ဒေါ်ယုယုဝေ(ဗိသုကာ)တို့၏ (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာနှင့် သားမောင်ကျော်သူရအောင်(ခေတ္တ-ယူကေ)၏ (၂၄)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ် တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## Myanmar New Stars Industry Co.,Ltd. မိတ်ဆုံစားပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

**အာရပ်စော်ဘွားများ ပြည်ထောင်စု (U.A.E) Nedham AL Janahi Trading မှ ထုတ်လုပ်သော စူပါပါဝါတံဆိပ် အင်ဂျင်ဝိုင်စက်ဆီ၊ ချောဆီများကို မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ် ဖြန့်ချိပေးနေသော Myanmar New Stars Industry Co.,Ltd.၏ ပဉ္စမအကြိမ်မြောက် မိတ်ဆုံစားပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၆ရက် (တနင်္ဂနွေနေ့) ညနေ၆နာရီက ရန်ကုန်မြို့ Traders Hotel(Ballroom)၌ ကျင်းပသည်။** (အောက်ပုံ)

အခမ်းအနားတွင် Myanmar New Stars Industry Co.,Ltd. Managing Director ဦးသက်နိုင်က အဖွင့် အမှာစကား ပြောကြားပြီး U.A.E နိုင်ငံ Nedham AL Janahi Trading, Managing Director Mr.Syed Sajjed Haidar က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် စူပါပါဝါ အင်ဂျင်ဝိုင်စက်ဆီ၊ ချောဆီများ၏ ရောင်းအားအကောင်းဆုံး Customer များကို ဆုများချီးမြှင့်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ကံစမ်းမဲနှိုက်၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

20-1 (15) 1 1/20/08, 2:05 AM

## မန္တလေး အထက (၁၄)ဘုံကထိန် ပေါက်ခေါင်း လှိုင်းတက်ကျောင်းတိုက်၌ ကျင်းပ

**ပေါက်ခေါင်း ဇန်နဝါရီ ၅**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း၏(၃၈)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို ဒီဇင်ဘာ ၂၃ရက်က ကျောင်းအုပ်ဆရာမကြီးဒေါ်သောင်းသောင်းဝင်း၏ကျေးဇူးရှင်ဆရာတော် ဦးသုန္ဒရ၏ လှိုင်းတက်ကျောင်းတိုက် ပေါက်ခေါင်းမြို့၌ ကျင်းပသည်။

အခမ်းအနားတွင် ပေါက်ခေါင်းမြို့ ပညာဓေတာရုံစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ နန္ဒဝံသဆရာတော်ကြီးက(ဝဲပုံ)ကထိန်တရားဟောကြားပြီး အလှူရှင် အထက(၁၄)မိသားစုက သံဃာတော်အရှင်သူမြတ်အပါး ၁၄၀အားနဝကမ္မအလှူငွေများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းတန်ဖိုး ငွေကျပ် ၁၄၄၈၀၇၅၀ကို ဆက်ကပ်လှူဒါန်း၍ သာဓုအနုမောဒနာပြုကြသည်။

**(မြို့နယ် စာပေစာနယ်ဇင်း)**

ဇန်နဝါရီ ၆ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် အနောက်ဘက်ရင်ပြင်(ကြာသပတေးထောင့်)တွင် တည်ဆောက်မည့် အာရုံခံတန်ဆောင်း၌ ၁၂ ပေ x၁၂ ပေ အာရ်စီတိုင်တစ်လုံးအတွက် အလှူငွေကျပ်သုံးသိန်းကို တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် သံသုမာလမ်း အမှတ် ၁၁၇၄နေ ဦးသန်းဇေ-ဒေါ်ဌေးသိန်း (ဥက္ကလာ သိန်းသန်းဆန်ရောင်းဝယ်ရေး)မိသားစုက လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သွင်က ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၁၀၀)

## သာစည် ညောင်ရမ်းတိုက်နယ်ဆေးရုံသို့ အထူးကုဆရာဝန်များ အခမဲ့ကွင်းဆင်းကုသ

မိတ္ထီလာ ဇန်နဝါရီ ၅

**မန္တလေးတိုင်း မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးကြည်ဝင်း ဦးဆောင်သော အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့သည် နိုဝင်ဘာ ၂၂ ရက်က သာစည်မြို့နယ် ညောင်ရမ်းတိုက်နယ်ဆေးရုံသို့ ကွင်းဆင်း၍ အခမဲ့ ဆေးကုသမှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။**

အဆိုပါ ကွင်းဆင်းဆေးကုသမှုလုပ်ငန်းတွင် ဆေးရုံအုပ်ကြီးနှင့်အတူ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာကြီးလှိုင်၊ စိတ်ကျန်းမာရေး အထူးကုဆရာဝန်ကြီးဒေါက်တာမြင့်ဆွေ၊ ဆေးပညာအထူးကုဆရာဝန်ကြီး ဒေါက်တာပိုင်စော၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဝင်းမာဦး၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဌေးဌေးဝင်း၊ သားဖွား၊ မီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာခင်ပြုံးကြည်၊အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့သည်လူနာ၂၁၇ ဦးအား ကျန်းမာရေးအသိပညာပေးခြင်း၊ အခမဲ့ဆေးကုသမှုပေးခြင်း၊ လူနာ ၂၂ ဦးအား မိတ္ထီလာအထွေထွေရောဂါကုဆေးရုံကြီးသို့ ဆက်လက်ဆေးကုသမှုခံယူရန် ညွှန်းပို့ခြင်းများ ဆောင်ရွက်ကြသည်။

**(ခရိုင်ပြန်/ဆက်)**

မော်လမြိုင်မြို့တောင်ပိုင်းရှိ ဘိုးဘွားရိပ်သာ အဘိုးအဘွားများအတွက် ဖခင်ရှင့်အော်ကျန်း-မိခင်ဒေါ်နုတို့အားရည်စူး၍ ဒီဇင်ဘာ ၂၆ရက်က အလှူရှင် မန္တလေးမြို့နေ ဦးမြင့်ဌေး-ဒေါ်မြင့်မြင့်နိုင်မိသားစု က ငွေကျပ်၁၀သိန်း ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွေးလေးက လက်ခံယူစဉ်။ (၁၆၈)

## အုတ်တွင်းမြို့နယ် အမှတ်(၃)သကြားစက် ကြံတ်ဝါးကြံ ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးနည်းစနစ်များ လက်တွေ့ပြသ

**အုတ်တွင်း ဇန်နဝါရီ ၁၀**

အုတ်တွင်းမြို့နယ် အမှတ်(၃) သကြားစက် ကြံတ်ဝါးကြံ အပြည့်အဝရရှိရေးနှင့် လျာထားဧကပြည့်မီရေး တစ်ဧကပန်းတိုင် အထွက်နှုန်းရရှိရေးတို့အတွက် ၂၀၀၈-၂၀၀၉ခုနှစ် ချက်ကြံသီးနှံအထွက်နှုန်းတိုးရေး စိုက်စနစ်သရုပ်ပြပွဲ အခမ်းအနားကို ဒီဇင်ဘာ၁၄ရက်နံနက်ပိုင်းက အုတ်တွင်းမြို့နယ် သရက်ပင် မောင်နမကျေးရွာအုပ်စု ရေလျှံကျေးရွာ(တောင်ကွင်း)၌ ကျင်းပသည်။

သရုပ်ပြစိုက်ပျိုးပွဲသို့ အုတ်တွင်းမြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်၊ အတွင်းရေးမှူး ဦးသိန်းအောင်နှင့် မြို့နယ်စိုက်ညှိ အဖွဲ့ဝင်များ၊ မြို့နယ်တွင်းကြံစိုက်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များနှင့် ကြံစိုက်တောင်သူများ တက်ရောက်ကြပြီး မြို့နယ်ကြံတာဝန်ခံ ဦးညွန့်လှိုင်က ကြံမျိုးစိစဉ်မှုနှင့်စိုက်ပျိုးနည်းစနစ်များကို လက်တွေ့ ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(၃၁၆)**

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၉ ခုနှစ်ပြာသိုလဆန်း ၁၄ ရက်**
**၂၁-၁-၂၀၀၈**
**(တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဋာနာဋိယသုတ်)

**နေ့လယ်ပိုင်း**

- ၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ(သန္တိသုခအဆင့်မြင့် ခရီးသွားလုပ်ငန်း၏ ခရီးစဉ်များ)
- ၁၁း၄၀ သိပ္ပံအကြောင်းသိကောင်းစရာ(ဒေါနရွှေဝါပင် အကြောင်းသိကောင်းစရာ-သိပ္ပံမှူးတင်)
- ၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ
- ၁၂း၂၅ အားကစားသတင်းပဒေသာ
- ၁၂း၃၅ ကျန်းမာရေးရာပြန်ကြားလွှာ
- ၁၂း၄၅ သီချင်းကြီးပဒေသာ
  - (၁) မြောက်အိမ်တော်သံပတ်ပျိုးနှင့် ကျေးစေပတ်ပျိုးလေး(သန်လျင်ညိုသန့်-စန်းစန်းမြင့်)
  - (၂) ထုံပန်းမာလာအစချီဘောလယ်(မြင့်မြင့်စိန်)
- ၁၃း၁၀ ပညာရေးအစီအစဉ်စတုတ္ထတန်း-စာရိတ္တနှင့် ပြည်သူ့နီတိ-ကြက်ခြေနီမောင်မယ်

**ညနေပိုင်း**

- ၁၆း၁၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
  - (၁) ဖွေးဒုတ် (မေချစ်)
  - (၂) တောသူလေးမို့(အကော်ဒီယံအုန်းကျော်)
  - (၃) တောသူအချစ် (နီနီဝင်းရွှေ)
- ၁၇း၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ
- ၁၇း၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (မြန်မာ့စောင်း-တက္ကသိုလ်သန်း)
- ၁၉း၁၅ ဆိုင်းအဖွဲ့ (မြင်းခြံ စိန်သန်းဌေးဆိုင်းအဖွဲ့)
- ၂၀း၄၅ ခံစားနားဆင်မြန်မာတေးသံစဉ်
  - (၁) အချစ်ဆိုသောအရာ(တင်တင်မြ)
  - (၂) ခွဲခွာလို့ဖြင့်မနေချင်(ကိုမြသိန်း)
  - (၃) မေ့အချစ်မစစ်လို့လား (နီနီဝင်းရွှေ)

## အမှတ်(၄၁) အဆန် စာပို့ရထားပေါ်မှ တမလန်းသစ်စားရွှေတုံးများ ပိုင်ရှင်မဲ့သိမ်းဆည်းမိ

အင်းတော် ဇန်နဝါရီ ၁၆

**မန္တလေး-မြစ်ကြီးနား မီးရထားလမ်းတွင် တရားမဝင်သစ်များနှင့် ပရိဘောဂပစ္စည်းများကို အမှတ်(၄၁)အဆန်စာပို့ရထားဖြင့် တင်ဆောင်လျက်ရှိကြောင်း သတင်းအရ အင်းတော်မြို့နယ် သစ်တောဦးစီးဌာန တောအုပ် ဦးဝင်းတင့်နှင့် တောခေါင်းဝန်ထမ်းများ၊ အင်းတော်ရဲစခန်းမှ ဒုရဲအုပ်စိုးလှိုင် နှင့် တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ၈ရက် နံနက် ၁၀နာရီခန့်က အင်းတော်ဘူတာသို့ ရောက်ရှိလာသည့်အမှတ်(၄၁)အဆန်စာပို့ရထားတွဲအမှတ် ၇/၁၉၃၂ အား ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။**

**ယင်းသို့ရှာဖွေရာတွင် တွဲအမှတ် ၇/၁၉၃၂ စစ်ချောတွဲပေါ်မှ တရားမဝင် တမလန်းသစ်စားရွှေ သုံးပေ လေးတုံး၊ လေးပေ ၁၃တုံး စုစုပေါင်း တမလန်းသစ်စားရွှေတုံး ၁၇တုံးကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိကြောင်း သိရသည်။** (၁၃၃)

ပဲခူးတိုင်း သာယာဝတီမြို့နယ် သင်တောရိုးကျေးရွာနေ ဦးစိန်ငွေ-ဒေါ်သန်းနွဲ့မိသားစုက ဇဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ် ၂၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဘညာဏ် လက်ခံယူစဉ်။ (က-ပ)

## ကျိုက္ကလော့ အမေ့မေတ္တာစာမူပြိုင်ပွဲ ဆုနှင်းပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၉**

၂၀၀၇ခုနှစ် ကျိုက္ကလော့ အမေ့မေတ္တာစာမူပြိုင်ပွဲ ကျင်းပခဲ့ရာ ဝတ္ထုတို၊ ကဗျာနှင့်ဆောင်းပါးများ ပြိုင်ပွဲဝင်ခဲ့ကြသည့် စာမူရှင်များအတွက် ဆုရသူများစာရင်းကို ကြေညာထားပြီးဖြစ်ရာ ပြိုင်ပွဲဝင်စာမူရှင်များ မသိရှိသေးပါက ဖုန်း-၆၅၃၆၃၂သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်းနှင့် ဆုနှင်းသဘင်ကို(၁၃၆၉ခုနှစ် တပေါင်းလပြည့်နေ့) မတ် ၂၁ရက် ည ၇နာရီတွင် မင်္ဂလာဒုံ မြို့နယ် ကျိုက္ကလော့ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**


### ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆) ပဲခူးခရိုင်တရားရုံး**
**၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၁၆၈**

မြန်မာ့စီးပွားရေးဘဏ် ပဲခူးမြို့။ **တရားနိုင်** **နှင့်** ၁။ ဒေါ်အေးသန်း ၂။ မောင်အောင်နိုင်ဦး **တရားရှုံးများ**

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ် ၆ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ် တပို့တွဲလပြည့်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

ပဲခူးတိုင်း ပဲခူးမြို့ ညောင်ဝိုင်းရပ်ကွက် ညောင်ဝိုင်း၁၁လမ်းထိပ် အမှတ်(၁၄၃/ခ) မြေတိုင်းရပ်ကွက်အမှတ်(၉) ညောင်ဝိုင်းအလယ်ရပ် ဦးပိုင်အမှတ် (၄၀-က) မြေချိန်ဧရိယာ ဝဒသမ ၀၁၇ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ဆောက်ထားသော (၁၇ X၃၄)ပေရှိ အောက်ထပ် သမံတလင်းခင်း၊ အုတ်ကာ၊ အပေါ်ထပ် လျှာထိုးခင်း၊ လျှာထိုးကာ၊ သွပ်မိုး၊ နှစ်ထပ်တိုက်ခံ အဆောက်အအုံတို့ဖြစ်ပါသည်။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၃၀။**

**ရောင်းချရန် စည်းကမ်းချက်များ**

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်ပါသည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးအချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **တင်ထွန်း [ဒုတိယခရိုင်တရားသူကြီး(၂)] ပဲခူးခရိုင်တရားရုံး။**

### အိမ်၊ မြေ(၃၀x၆၀)ပေ ရောင်းမည်။ ဂရန်(ရေ၊ မီးအစုံ)

ဂျိုးဖြူရေ၊ ရှစ်ပေစလောင်း၊ အဲယားကွန်း၊ ကားဂိုဒေါင်၊ အိပ်ခန်းသုံးခန်း၊ တစ်ထပ်တိုက်။

၃၁ ကားဂိတ်အနီး၊ တောင်ဥက္ကလာပမြို့နယ်။ (ဖုန်းပါ) **(ပွဲစားမလို)**
**ဖုန်း-၅၇၇၈၆၉။**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကက/၂၈၄၀ တိုယိုတာ စတောက်/ပစ်ကပ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးနိုင်အေး ၁/ဗမန(နိုင်)၀၄၉၁၇၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး၊ ဗန်းမော်မြို့။**

### အမည်ဖြည့်စွက်ခြင်း

အဖ ဦးမြင့်အောင်(ခ)ဒီနေ့(စ်) ဒါတ်(သ်)ပန်ဒေး၏ သမီး အလက(၁) ဗဟန်း အဌမတန်း(A)မှ မအေးအေးခိုင်အား ကီရန်ကူမာရီ(ခ)သန်းသန်းစိုး(ခ)မအေးအေးခိုင်ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။
**ကီရန်ကူမာရီ(ခ)သန်းသန်းစိုး(ခ) အေးအေးခိုင်။**

### အမည်ပြောင်း

ဦးစိန်အောင်-ဒေါ်မြင့်မြင့်စန်း၏ သမီး မယုဝါဝါဝင်း ၇/ကဝန(နိုင်) ၁၀၃၈၇၈အား ယနေ့မှစ၍ မယုဝါဝါဦးဟု အမည်ပြောင်းလဲ ခေါ်ပါရန်။
**မယုဝါဝါဦး။**

### မီးစက်(USED) ဝယ်လိုသည်

Sound Proof 20 KVA
ဖုန်း-၀၁-၂၅၃၁၄၃
၀၉ - ၅၁၃၆၇၄၆

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃က/၉၂၇၇ Hino ZM 303 Concrete mixture ယာဉ်လက်ဝယ်ရှိသူ National Land Yangon Co.,Ltd.က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံးခွဲ၊ (ရွာသာကြီးရုံး)၊ရန်ကုန်မြို့။**

### အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တောင်ရပ်ကွက် ဦးဖိုးကျားလမ်း အမှတ် ၁၅၉/၁၆၁ နေ မောင်ချစ်ဦး မှတ်ပုံတင်အမှတ် ၁၂/မဂတ(နိုင်)၀၈၃၄၃၁ ကိုင်ဆောင်သူသည် မိဘ၊ ဆွေမျိုးများ၏ ဆိုဆုံးမမှုကို မနာခံဘဲ အိမ်ပေါ်မှ ဆင်းသွားပါသဖြင့် အမွေခံသားသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်း၏ ကိစ္စအဝဝကို မိဘများက လုံးဝတာဝန်မယူပါကြောင်း အများသိစေအပ်ပါသည်။

**အုပ်ထိန်းသူမိဘနှစ်ပါး၏ ညွှန်ကြားချက်အရ-**

**ဦးအောင်ကျော်ဖြိုး**
**အထက်တန်းရှေ့နေ**
**ဖုန်း-၃၇၁၈၁၈**

**ဦးရွှေမောင်း**
**တရားရုံးချုပ်ရှေ့နေ**
**အမှတ်-၆၇၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း၊တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၅၇၇၁၉။**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၃၁/ကံဘဲ့၊ မြေကွက်အမှတ် ၁/ဖ၅ မြေကွက်တည်နေရာ အမှတ် ၃၀၊ ခေမာသီလမ်း၊ မိကျောင်းကန်အပိုင်း ၃/ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်၊ ဦးစိုးလွင်အမည်ပေါက် မြေပိုင်မြေ လ/န-၃၉ မြေအား အမည်ပေါက်ဖခင် ဦးစိုးလွင်နှင့် မိခင်ဒေါ်ကြည်ကြည်မေ ကွယ်လွန်သဖြင့် (၁)ဒေါ်အေးအေးမာ ၁၂/သဃက(နိုင်)၀၁၁၃၈၉၊ (၂) ဦးသန်းဦး ၁၂/သဃက(နိုင်)၀၁၁၃၃၁၊ (၃) ဒေါ်ခင်အေးမွန် ၁၂/သဃက(နိုင်)၀၁၁၃၈၈၊(၄) ဦးမြတ်ထွေး ၁၂/သဃက(နိုင်)၀၁၁၃၈၆တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။**

### မိဘအမည်မှန်

ကျိုင်းတုံမြို့ အထက(၂)ပဥ္စမတန်း(က)မှ မအိသူဇာလတ်၏ မိဘအမည်မှန်မှာ ဦးမာမတ်အရိတ်(ခ) ဦးစိန်ဝင်းနှင့် ဒေါ်နန်းစံခမ်း ဖြစ်ပါကြောင်း။

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်
★ အေးချမ်းမှုကို လိုလားသည်
★ ဆူပူအကြမ်းဖက်မှုကို မလိုလား

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သုံးခွနှင့် ခရမ်းမြို့နယ်တို့ရှိ နေကြာစိုက်ခင်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း သုံးခွမြို့နယ်နှင့် ခရမ်းမြို့နယ်တို့သို့ သွားရောက်၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော နေကြာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး သာသနာ့ဗောဓိတိက မစိုးရိမ်တိုက်သစ် (မန္တလေး မစိုးရိမ်တိုက်သစ်ခွဲ) စာသင်တိုက်ဖွင့်ပွဲ၊ သာသနိက အဆောက်အအုံများ ရေစက်ချလှူဒါန်းပွဲ၊ မဟာဝိဇယစေတီတော်နှင့် ကျောင်းတော်ကြီး ဘုံဆောင် ထီးတော်တင်လှူပွဲ မင်္ဂလာအခမ်းအနားတို့သို့ တက်ရောက် ကြည်ညိုသည်။

ရှေးဦးစွာကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါ၍ နံနက် ၆နာရီခွဲတွင် သုံးခွမြို့နယ် သိုက်တူးကန်စံပြကျေးရွာရှိ ပဲတီစိမ်းသီးနှံ ပန်းတိုင်အထွက်နှုန်း အထူးဇုန်ဧက ၃၃၀၀သို့ ရောက်ရှိကြသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ●

### ဆင်းရှေကြာ (၂) နေကြာသီးသန့်စိုက်ခင်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သုံးခွမြို့နယ် ပတုတ်ကျေးရွာရှိ လယ်သမားကြီး ဦးတင်ကြီး၏ အောင်မြင်ဖြစ်ထွန်းနေသော ဆင်းရှေကြာ(၂) နေကြာသီးသန့်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ပညာရေးဝန်ကြီးဌာန ၂၀၀၈ခု ပညာသင်နှစ်သင်တန်းများ ဇန်နဝါရီ ၂၁ရက်၌ ဖွင့်မည်

နေပြည်တော် ဇန်နဝါရီ ၁၉

ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီး၏ အထူးပြုဘာသာရပ် အသီးသီးအတွက် သင်တန်းများအားလုံးကို ဇန်နဝါရီ ၂၁ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ၏ ၂၀၀၈ခု ပညာသင်နှစ် ပထမနှစ်သင်တန်း ဝင်ခွင့်ရသူများစာရင်းကိုလည်း သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် အသီးသီးတွင် ကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### သတင်းနှင့် ဆောင်းပါး အညွှန်း

- ❒ ဘင်္ဂလားဒေ့ရှ် ဘက်စ်လေကြောင်းလိုင်း တရုတ်၊ အိန္ဒိယနှင့် မလေးရှားသို့ ပျံသန်းမည် — စာ -၅
- ❒ အီရန်၏ နျူကလီးယားဖြေရှင်းချက် အိုင်အေအီးအေ ကျေနပ်ဟုဆို — စာ -၆
- ❒ ဘဝသံသရာ — နိုင်ငံတကာမှုခင်း စာ – ၇
- ❒ ဆားဘီးယားဖိသုကာအလုတွေကို ဖော်ကျူးထားသည့် ပန်းချီဆေးစက်ကျရာ မြို့ပြနှင့်ကြယ်တာရာများ ပန်းချီပြပွဲ — မိုးမြင့်လင်းလက်၏ အနုပညာသတင်း စာ – ၁၂

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား

20-1 (20) 1 1/20/08, 2:06 AM